မာတိကာ

မာတိကာ ၁

စကားချီး ၄

လယ်ထွဲကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ လွိုင်ကော်မြို့နယ် ၆

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၂

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၄
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၃၇

(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၈၀

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၈၇

ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၉၄

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၉၅

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မှုံပြာကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ် ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံး ပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲ ရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သောလုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါ မည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာန၊ လွိုင်ကော် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ကယားပြည်နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင် ပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လယ်ထွဲကျေးရွာ

လွိုင်ကော်မြို့နယ်

လယ်ထွဲကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ လွိုင်ကော်မြို့နယ်



ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၉.၇.၂၀၁၅) ရက်နေ့တွင်ကောက်ယူထားခြင်းဖြစ်ပါသည်။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြ ပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း

အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ ကယားပြည်နည်သည် မြန်မာပြည်၏ အရှေ့တောင်ဘက် အကျဆုံးပြည်နယ်ကြီးတစ်ခုဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ ကျော်တွင်ရှိပြီး မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းတို့နှင့် နယ်နိ မိတ်ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လွိုင်ကော်မြို့သည် ကယားပြည်နယ်၏ မြို့တော်ဖြစ်ပြီး (နေပြည်တော်၊ လွိုင်ကော်)၊ (တောင်ကြီး/ အောင်ပန်း၊ လွိုင်ကော်) ကားလမ်းမကြီးနှင့် ဆက်သွယ်ထားပါသည်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့ကို အခြားတောင်ကြီး၊ အောင်ပန်း၊ ပင်လောင်း၊ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့ များသို့ ကားလမ်း၊ ရထားလမ်းများဖြင့် ဆက်သွယ်ထားပြီး လေကြောင်းလမ်းဖြင့်လည်း သွားလာ နိုင်သည်။ လွိုင်ကော်မြို့နယ်သည် လောပိတရေတံခွန်နှင့်နီးပြီး မြေပြန့်လယ်ယာပေါများသော ဒေသ တစ်ခုလည်း ဖြစ်ပါ သည်။

လယ်ထွဲကျေးရွာသည် ပထဝီဝင်အနေအထားအရ လွိုင်ကော်မြို့နှင် ၆ မိုင်အကွာအဝေး၊ နွားလဝိုးကျေးရွာအုပ်စု မြေပြန့်တွင် တည်ရှိပါသည်။ လွိုင်ကော်မှ ပဒါးညေးကျေးရွာအထိ လွိုင်ကော်၊ တောင်ကြီး ကတ္တရာလမ်းဖြစ်ပြီး ပဒါးညေးစျေးမှရွာအထိ ၂ မိုင်မှာ ကျောက်ချော လမ်းဖြင့် ဆက်သွယ်ထားပြီး လမ်းပန်းဆက် သွယ်ရေး ကောင်းသည်။ လယ်ထွဲကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ အိမ်ခြံဝင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းဖြစ်သည်။ လယ်ထွဲကျေးရွာသည် နွားလဝိုးကျေးရွာ အုပ်စုတွင် ပါဝင်ပြီး လွိုင်ကော်မြို့၏ အရှေ့မြောက်ဘက် (၉.၆) ကီလိုမီတာနှင့် မိုးဖြဲနှင့် (၂၄) ကီလိုမီတာ အကွာအဝေးတွင် တည်ရှိပါသည်။ လွိုင်ကော်မြို့နယ်၏ (၂၀၁၄) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၂၀) ရက် နှင့် မိုးရေချိန်မှာ (၄၀) လက်မ အောက်ရှိသည်။

(ခ) သဘာဝအရင်းအမြစ်များ

လွိုင်ကော်မြို့သည် ဘီလူးချောင်းမှ တနှစ်ပါတ်လုံး ရစ်ခွေစီးဆင်းနေသောမြို့ဖြစ်ပြီး မြန်မာပြည်၏ အကြီးဆုံး လောပိတ ရေတံခွန်နှင့် ရေအားလျပ်စစ်ထုတ်လုပ်သော မြို့ဖြစ်သည်။ လယ်စပါး၊ အဖိုးတန်သစ်သီးဥယျဉ်ခြံ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ ရွှေပြောင်းတောင်ယာ၊ အဖိုးတန်

ကျွန်းနှင့်သစ်မာများ မျိုးစုံစိုက်ပျိုးဖြစ်ထွန်းသော ရေမြေရာသီဥတု ရှိသည်။ မြို့နယ်သည် သဘာဝ သယံဇာတနှင့် ပတ်သက်၍ ခဲမဖြူနှင့် အဖြိုက်နက် အနည်း ငယ်ထွက်ရှိသော ဒေသလည်းဖြစ်သည်။

လယ်ထွဲကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကြပြီး မြေဩဇာအသင့်အတင့်သာ ကောင်းမွန်သော စိုက်ပျိုးမြေများဖြစ်ပါသည်။ ရွာအနီးပတ်ဝန်းကျင်တွင် ယာမြေအဖြစ် အသုံးပြု နိုင်သော မြေအချို့ ကျန်နေသေးသဖြင့် စိုက်ပျိုးမြေများ တိုးချဲ့ရန်မှာ အခွင့်အလမ်း အနည်းငယ်ရှိပါသည်။ လယ်မြေဧက (၁၀၀) ဧက နှင့် ယာမြေဧက (၁၂၄၀) ဧကမှာ မိုးရေးကို အားကိုးစိုက်ပျိုးရသဖြင့် သီးနှံအထွက်နှုန်းနည်းပါသည်။ လယ်မြေ များသည် နွားလပိုးဆည်နှင့် နီးသော်လည်း စိုက်ပျိုးရေမရရှိနိုင်ကြပါ။ ယာမြေတွင် မိုးရေကို အဓိကထာ စိုက်ပျိုး နေကြရပြီး ရာသီဥတုမကောင်း၊ မြေဆီဩဇာလျော့နည်းမှုကြောင့် သီးနှံအထွက်နှုန်းနည်းသည်။ ကျေးရွာတွင် သဘာဝတောတောင်များရှိခြင်းကြောင့် သစ်၊ ဝါးနှင့် သစ်တောထွက်ပစ္စည်းများလူနှင့်တိရစ္ဆာန် အစာများ လွယ်လင့်တကူရရှိသည်။ သဲကျောက်များလည်း လွယ်လင့်တကူရရှိကြသည်။ မှို၊ မျစ်နှင့် တောထွက်ပန်းများ၊ ဧရစ်၊ တောထွက်ဟင်းသီးဟင်းရွက်နှင့် ဆေးဖက်ဝင်ပင်အချို့ကို ရှာဖွေသုံးစွဲ ရောင်းချစား သောက် ကြသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က)လူဦးရေဆိုင်ရာ အချက်အလက်များ

လယ်ထွဲကျေးရွာတွင် အိမ်ထောင်စုပေါင်း ၂၁၂ အိမ်နှင့် လူဦးရေပေါင်း (၉၀၅) ဦး (ကျား ၄၅၀ + မ ၄၅၅) ဦးရှိသည်။ လူဦးရေထူထပ်မှုမှာ တအိမ်ထောင် ပျမ်းမျှ (၄.၂၆) ဖြစ်ပြီး မိသားစု ပျမ်းမျှလူဦးရေ အနည်းငယ်နည်းသည်ကို တွေ့ရပါ သည်။ အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ ၅၇၃ ဦး (၆၃%) ရှိပြီး မှီခိုသူဦးရေမှာ ၃၃၂ (၃၆.၇%) ရှိသည်။ အမျိုးသား အလုပ်လုပ်ကိုင်နိုင်သူ လူဦး ရေမှာလည်း အမျိုးသမီး လူဦးရေထက် ၁၃ ဦး (၂.၃%) ပိုများသည်ကို တွေ့ရသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင် ဆုံးဖြတ်သော ဓနဥစ္စာအဆင့်အနေ အထား အရ ဆင်းရဲနှင့် ဆင်းရဲဆုံးအိမ်ထောင်စုမှာ စုစုပေါင်း (၁၃၈) အိမ် (၆၅%) ရှိသဖြင့် အများစုမှာ ဆင်းရဲသားများဖြစ်ကြသည်။ ကျန် ၇၄ အိမ် (၃၅%) မှာ အဆင်ပြေနှင့် အလယ်အလတ် တန်းစားမိသားစုများဖြစ်သည်။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ အိမ်အ ခြေအနေ၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု၊ ကုန်ထုတ်လုပ်ငန်းနှင့်မဆိုင်သောပိုင်ဆိုင်ပစ္စည်း၊ အိမ်မွေး တိရစ္ဆာန်ပိုင်ဆိုင်မှုနှင့် တနှစ်ဝင်ငွေမှာ အရေးပါသည်ကို တွေ့ရသည်။ အဆင်ပြေသော မိသားစုများမှာ လယ်မြေ အနည်းဆုံး ၅ ဧကအထက်နှင့် တနှစ်ဝင်ငွေ အနည်းဆုံးသိန်း (၂၅) သိန်း အထိရှိသော်လည်း ဆင်းရဲဆုံး မိသားစုများမှာ စိုက်ပျိုးမြေမရှိ၊ ပုံမှန်ဝင်ငွေမရှိ၊ ၂ သိန်းအောက် ဝင်ငွေရှိသူများ ဖြစ်ကြသည်။

(ဂ)ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

၃ လအောက် ဝမ်းစာဖူလုံသူများမှာ မြေယာမဲ့ကျပန်းသမားများနှင့် တောင်သူငယ်များဖြစ်ပြီး ၉၂ အိမ်ထောင်စု (၄၃.၄%) ရှိသည်။ ၎င်းတို့မှာ လုပ်အားကြိုရောင်း အကြွေး ယူကြသည်။ တနေ့လုပ်

တနေ့စား။ လုပ်အားခရမှလိုသလောက် ဝယ်စားကြရသည်။ ဝင်ငွေမရှိသည့်အချိန်တွင် အကြွေးယူ၍ စားသုံးကြရသည်။ ကျေးရွာ မိသားစု၏ ၄၅ အိမ်ထောင်စု ၂၁.၂% ရာခိုင်နှုန်းမှာ တောင်သူငယ်များဖြစ်ကြပြီး သီးနှံပြတ်လတ်ချိတ်တွင် တောင်သူကြီးများထံမှ အတိုးဖြင့် ချေးငှားကြရသည်။ သီးနှံပေါ်လျှင် ချက်ချင်းအမြန်ပြန်ဆပ်ကြရသည်။ နေ့စားလုပ်အားခ သို့မဟုတ် အကြွေးယူခြင်းနှင့် လုပ်အားကြိုရောင်းခြင်း၊ တပိုင်တနိုင် မွေးမြူရေး လုပ်ခြင်းဖြင့် ဖြေရှင်းကြသည်။ ရရာအလုပ်ကို နေ့စားလုပ်ကိုင်၍ ရရှိလာသော ဝင်ငွေ များဖြင့်တစ်နေ့စာတစ်နေ့ ဝယ်စားကြသူများလည်းရှိသည်။ အလုပ်မရှိသောလများတွင် လုပ်အားခကြိုယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူ၍ စားသုံးရသူ များလည်းရှိသည်။ ကျန် ၇၅ အိမ် (၃၅.၄%) သာ ၆ လနှင့်အထက် ဝမ်းစာဖူလုံကြသည်။

လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲသား တောင်သူများ၊ လက်လုပ် လက်စားကျပန်းများနှင့် လှည့်လည်သွားလာ၍ ဈေးရောင်းသူများသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့် ထိခိုက်လွယ်ဆုံးမိသားစု၊ အုပ်စုများ ဖြစ်သည်။

(ဃ)ကျန်းမာရေးနှင့်အာဟာရ

လယ်ထွဲကျေးရွာသည် လက်ရှိတွင်တုပ်ကွေး၊ ဖျားနာ၊ ဝမ်းရောဂါ၊ သွေးတိုး၊ ကျောက်ကပ် ရောဂါများ အဖြစ်များနေပါသည်။ ကျေရွာတွင်ဆေးပေးခန်းမရှိ၊ ဆရာမဝန်ထမ်းမရှိ၍ကျန်းမာရေး စောင့်ရှောက်မှုလိုအပ်ချက်ရှိသည်။ သာမန်ရောဂါဖြစ်ပါက ၁မိုင်ခန့်ဝေးသော နွားလဝိုးကျေးလက် ကျန်းမာရေး ဆေးပေးခန်းတွင် သွားရောက်ပြသပြီး ရောဂါပြင်းထန်ပါက လွိုင်ကော်ဆေးရုံသို့ သွားရောက်သည်။ ကျေးရွာတွင် မိုးရေလှောင်ကန် ၂ ခုမှာ စာသင်ကျောင်းတွင်ရှိသည်။ ပေ ၇၀၀၀ ဝေးသော ထေးရီ ရေထွက်မှ စိမ့်စမ်းရေ သွယ်ယူကာ တရွာလုံးအသုံးပြုရာတွင် တခါတရံ ထေးရီရွာနှင့် ပဋိပက္ခ ဖြစ်ကြရသည်။ သောက်ရေအဖြစ် ရေတွင်း ၄ တွင်း၊ အဝီစိတွင်း ၃ တွင်းနှင့် စက်အဝီစိတွင်း ၄ တွင်းရှိသည်။ သို့သော် နွေရာသီတွင် ရေတွင်းများ ရေခမ်းသည်။ နွေရာသီတွင် ရေရှားပါးမှုကြုံရသည်။ အိမ်ထောင် စုပေါင်း (၂၁၂) တွင် အိမ်ထောင် (၂၀၀) သည် ယင်လုံအိမ်သာကို သုံးစွဲကြပြီး ရေရှားပါးသောကြောင့် သန့်ရှင်းမှု အခက်အခဲရှိသည်။ ၂ အိမ်မှာ ကျင်းအိမ်သာကိုသာ အသုံးပြုနေကြပြီး ကျန် ၁၀ အိမ်မှာ အိမ်ထောင်အသစ်များဖြစ်ကြပြီး တောထိုင်ကြသည်။ အချို့မှာ ၂ အိမ်ထောင် စုပေါင်းအသုံးပြုကြသည်။

(င)ပညာရေးနှင့် ကျွမ်းကျင်မှုများ

လယ်ထွဲကျေးရွာတွင် ဘာသာရေးအခြေပြုပညာရေး ပြီးဆုံးသူ (၂၈) ဦး (၄%)၊ မူလတန်းပြီးဆုံးသူ (၃၉၄) ဦး(၅၆.၄%)၊ အလယ်တန်းပြီးဆုံးသူ (၁၁၈) ဦး (၁၆.၉%) ၊ အထက်တန်း (၂၇) ဦး (၃.၉%)၊ တက္ကသိုလ်ဘွဲ့ရ (၈) ဦး(၁.၁%) ရှိပါ သည်။ လက်ရှိတွင် အထက်တန်း တက်ရောက်နေသူ ၁၇ ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူ ၅ ဦးရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အားရကျေနပ်စရာဖြစ်ပါ သည်။ ကျေးရွာ၏ ကျွမ်းကျင်မှုနှင့် အဓိကဝင်ငွေတိုးလုပ်ငန်း များမှာ ထုတ်ကုန်လုပ်ငန်း ၁၆ ခု၊ ဆောက်လုပ်ရေး ပန်းရံခေါင်းဆောင် ၁ ဦး၊ လက်လီလက်ကားဈေးဆိုင် ၂၀၊ သယ်ယူ ပို့ဆောင်ရေး ၂ ဦး၊ စုစုပေါင်း လုပ်ငန်းအရေအတွက် ၃၉ ခုရှိသည်။ သဘာဝသစ်တောမှ ထုတ်လုပ်သူ ၅၅ ဦး၊ လက်သမားပန်းရံနောက်လိုက် ၁၀ ဦး၊ ဟင်းသီးဟင်းရွက်ရောင်းသူ ၁၅ ဦး၊ စုစုပေါင်း အလုပ်သမားအိမ်ထောင်စု ၈၀ ရှိသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

လယ်ထွဲကျေးရွာတွင် အမျိုးသားဦးရေ ၄၅၀ ဦးနှင့် အမျိုးသမီးဦးရေမှာ ၄၅၅ ဦးရှိသည်။ အမျိုးသားလုပ်သားဦးရေမှာ အမျိုးသမီးလုပ်အားထက် ၁၃ ဦး (၀.၃%) ရာခိုင်နှုန်းခန့် ပိုမိုပါ သည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက် ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်မူ ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများသာ အဓိက ပါဝင်ဖွဲ့စည်းထားပြီး လူငယ်နှင့် အမျိုးသမီးများ ပါဝင်ခွင့်ရမှုနည်းကြသည်။ ကျေးရွာ၏ဖွံ့ဖြိုး တိုးတက်ရေးနှင့် မိသားစုကိစ္စများအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်လည်း အမျိုးသမီးများ၏ အခန်း ကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

လယ်ထွဲကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာ၏လိုအပ်ချက် အရ အဖွဲ့ ၆ ဖွဲ့ကို ဖွဲ့စည်းထားကြပါ သည်။ ကျေးရွာရှိ ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှာ ကျောင်းအကျိုး ဂေါပက အဖွဲ့၊ ဓနရွှေအိုးအဖွဲ့နှင့် ကျေးရွာမီးလင်းရေးကော်မတီစသည် သက်ဆိုင်သော ကိစ္စရပ်များအတွက် ရည်ရွယ်ဖွဲ့စည်းထားခဲ့သော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းသည့်အပြင် ကျေးရွာနှင့် အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် စနစ်တကျဆောင်ရွက် တတ်သည့် အလေ့အထများကို ကျင့်သုံးနိုင်ခြင်းမရှိသေးပေ။ ၎င်းအပြင် မိမိတို့ကျေးရွာသည် နိုင်ငံတော်အစိုးရလက်အောက်ရှိ ကျေးရွာနှင့် တိုက်ရိုက်သက်ဆိုင်သော ဦးစီးဌာနများ (ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊)၊ နိုင်ငံတကာအဖွဲ့အစည်းများ (ဒိန်းမတ်ဒီအာရ်စီ၊ မာလင်၊ ကြက်ခြေနီရန်ကုန်ကရင်နှစ်ခြင်းခရစ်ယန်နှင့် လူမှုဝန်ထမ်းအဖွဲ့) အဖွဲ့များနှင့်လည်း ချိတ်ဆက်မှုရှိ ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအကူအညီများကို ရရှိခဲ့ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**ကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြ ပါသည်။ ဤကော်မတီသည် လုပ်ငန်း ကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေး ပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်း

ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည့်ဖြင့် ကျေးရွာဖွံ့ဖြိုး ရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

လယ်ထွဲကျေးရွာတွင် စုစုပေါင်းလယ်မြေ (၁၀၀) ဧက၊ ယာမြေ ၁၂၄၀ ဧက၊ အိမ်ခြံဝင်း စိုက်ခင်း ၁၅ ဧက (ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်သည်)၊ သစ်တောမြေ ၃၁၈ ဧက၊ ရာဘာ ၄ ဧက၊ စုစုပေါင်း ၁၆၇၇ ဧက ရှိသည်။ လယ်မြေသည် နွားလဝိုးဆည်နှင့် နီးသော်လည်း စိုက်ချိန် အမှီရေမရရှိ၊ နွားလဝိုးဆည်မှာ ၂၀၁၄ ခုနှစ်တွင် ပြန် လည်ပြုပြင်ပြီးနောက်ပိုင်း ရေမနေသဖြင့် စိုက်ပျိုးရေအလုံအလောက် မရရှိတော့ပါ။ စပါးသီးနှံတစ်သီးသာ စိုက်ပျိုး နိုင်ပြီး မိုးကောင်းမှသာ စိုက်ပျိုးနိုင်ပါသည်။ ယာမြေတွင် ပြောင်း နှင့် ပဲစဉ်းငုံ၊ မြေပဲ သီးနှံများ အများဆုံး စိုက်ပျိုး ကြသော်လည်း ရာသီဥတုမကောင်းခြင်း (မိုးခေါင်ခြင်း)၊ မြေဆီလွှာပျက်သုန်းခြင်းကြောင့် မျှော်မှန်း သီးနှံအထွက်နှုန်း မရရှိကြပါ။ ဟင်းသီး/ရွက်ကိုလည်း စိုက်ပျိုးရေမရှိသောကြောင့် အိမ်ခြံဝန်း အတွင်း မိမိ စားသုံးရန်လောက်သာ စိုက်ပျိုးနိုင် သည်။

လယ်ထွဲကျေးရွာတွင် မြေယာမဲ့ ၄ အိမ် (၁.၉%)၊ ၂.၅ ဧကအောက် ဆင်းရဲတောင်သူ ၁၈ အိမ် (၈.၅%)၊ ၂.၅ ဧကနှင့် ၅ ဧကကြားတောင်သူငယ် ၆၄ အိမ်၊ (၃၀.၂%)၊ ၅ ဧကနှင့် ၁၂.၅ ဧကကြား အ လယ်အလတ်တောင်သူ ၁၀၇ အိမ် (၅၀.၅%) နှင့် ၁၂.၅ ဧကအထက် တောင်သူကြီး ၁၉ အိမ် (၉%) ရှိသည်။ ထိုကြောင့် စုစုပေါင်း အိမ်ခြေ ၂၁၂ အနက် ၂၂ အိမ်မှာ မြေယာမဲ့နှင့် ဆင်းရဲသား တောင်သူများဖြစ်နေသည်ကို တွေ့ရသည်။ မြေယာမဲ့ အိမ်ထောင်စုနည်းပြီး မြေပိုင်ဆိုင်သူဦးရေ များသော်လည်း လယ်မြေ စုစုပေါင်းမှာ (၁၀၀) ဧကသာရှိသဖြင့် ပျမ်းမျှ လယ်ပိုင်ဆိုင်မှု မှာ (၀.၄၇) ဧကသာရှိပြီး၊ ယာမြေပိုင်ဆိုင်မှုမှာ ပျမ်းမျှ (၅.၈) ဧကရှိသည်။ လယ်မြေ မှာလည်း ဆည်ရေ မရရှိခြင်းနှင့် ယာမြေမှာ မိုးခေါင်သဖြင့် သီးနှံထွက်နှုံးနည်းသည်။ ဝမ်းစာ ဖူလုံမှု မရှိကြပါ။ (သခွား၊ဖရုံ၊ဗူး၊ချဉ်ပေါင်) စသည်သီးနှံများကိုခြံဖြင့် သီးသန့် မစိုက်ဘဲအိမ်ခြံဝန်းအနည်းအကျဉ်းသာ စိုက်ပျိုးပါ သည်။ တောင်သူကြီးအချို့သာ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုနိုင်ကြသည်။ နွားကိုအဓိက အသုံးပြုကြပြီးထွန်စက်များကိုတွဲဖက်သုံးကြသည်။ ယာမြေများတွင် ပြောင်းဖူးကို အဓိကစိုက်ပျိုးကြပြီး မိရိုးဖလာ နည်းကို အသုံးပြုစိုက်ပျိုးခြင်း၊ မျိုးသန့်စင်မှု မရှိခြင်းနှင့် ပြောင်းဖူး ဈေးအနှိမ်ခံရခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်း၊ နည်းပညာအားနည်းခြင်းတို့ကြောင့် ပြောင်းစိုက် တောင်သူများ အရှုံးပေါ်နေကြသည်။ လက်ရှိ သီးနှံ အထွက်နှုန်းများမှာ စပါးပျမ်းမျှအထွက်နှုန်း တဧက ၄၅ တင်း၊ ပြောင်းဖူး ပျမ်းမျှတဧက ၅၀၀ ပိဿ၊ မြေပဲ ပျမ်းမျှတဧက ၃၅ တင်းနှင့် ပဲစဉ်းငုံ တဧက ၃.၅ တင်းနှုန်းဖြစ်သည်။

မွေးမြူရေးကို ၆၃ အိမ်မှ နွားတမျိုးတည်းကိုသာ နွားကို လယ်ယာလုပ်ငန်းတွင် အသုံးပြုရန်နှင့် နွားသားဖေါက် ရောင်းရန်အတွက် တောင်သူများက အဓိကမွေးမြူကြသည်။ မိရိုးဖလာနှင့် ရိုးရာယဉ်ကျေးမှုအရ နွားတစ်မျိုး တည်း သာမွေးမြူကြပြီး အခြားတိရစ္ဆာန်များကို မွေးမြူရန် အဟန့်အတားများရှိသည်။ အခြေခံဆင်းရဲသား များမှာ ကြက်၊ ဝက်များကို တပိုင်တနိုင် မွေးမြူကြသည်။ ဈေးကွက်အတွက် လွတ်လပ်စွာရောင်းချခွင့် လိုင်စင်မရှိခြင်း၊ လိုင်စင်ရရန် ခက်ခဲခြင်းနှင့် လိုင်စင်ရှိသူများ၏ ခေါင်းပုံဖြတ်ခံရခြင်း၊ နှစ်စဉ်ကျရောက်သော ရောဂါ များကို ကာကွယ်နိုင်ခြင်းမရှိ၊ နည်းပညာဝန်ဆောင်မှုမရရှိသောကြောင့် မွေးမြူရေးကို စီးပွါးဖြစ်မွေးမြူလေ့

မရှိကြပါ။ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၏ နည်းပညာဝန်ဆောင်မှု လက်လှမ်းမမီနိုင်သဖြင့် မွေးမြူရေး တောင်သူများ ထုတ်လုပ်မှုနည်းပြီး အမြတ်အစွန်းလည်း နည်း သည်။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာအတွင်းရှိ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ သဘာဝ သစ်တောမှ ထုတ်ကုန်လုပ်ငန်း ၁၆ ခု၊ ပန်းရံခေါင်းဆောင် ၁ ဦး၊ သယ်ယူပို့ဆောင်ရေး ၂ ဦး၊ ဈေးဆိုင် ၂၀၊ စုစုပေါင်း လုပ်ငန်းအရေအတွက် ၃၉ ခုရှိသည်။ ဟင်းသီး/ ရွက် ခူးရောင်းသူနှင့် လွှဆွဲသူ ၅၅ ဦး၊ လက်သမားပန်းရံနောက်လိုက် ၁၀ ဦး၊ ဟင်းသီး/ရွက်ရောင်းသူ ၁၅ ဦး၊ စုစုေပါင်း အလုပ်သမား ၈၀ ရှိသည်။ မြေယာမဲ့ကျပန်းသမားများမှာ ၄ အိမ်ရှိပြီး အလုပ်နှင့် ဝင်ငွေ ပုံမှန် မရှိကြပါ။ ကျပန်းနှင့် တောင်သူငယ်များအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ခြင်း သည် အဓိကလုပ်ငန်းဖြစ်သော်လည်း စားဝတ်နေရေးခက်ခဲကြသည်။ လယ်ယာစိုက်ချိန်ရိတ်ချိန် တွင် အလုပ်ပေါပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။ အကြွေးယူ (သို့မဟုတ်) လုပ်အားကြို ရောင်းခြင်း စားဝတ်နေရေးကိုဖြေရှင်းရသည်။

(ဃ)ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် သဘာဝတောတောင်များရှိခြင်း ကြောင့် သစ်၊ ဝါးနှင့် သစ်တောထွက် ပစ္စည်းများ လူနှင့် တိရိစ္ဆာန် အစာများ လွယ်လင့်တကူရရှိသည်။ သဲ ကျောက်များလည်း လွယ်လင့် တကူရရှိကြသည်။ မြို၊ မျစ်နှင့် တောထွက်ပန်းများ၊ ဓရစ်၊ တောထွက် ဟင်းသီး ဟင်းရွက်နှင့် ဆေးဖက်ဝင်ပင်အချို့ကို ရှာဖွေသုံးစွဲရောင်းချစားသောက်ကြသည်။ သဘာဝအရင်းအမြစ် ထိန်းသိမ်းမှု အန္တရာယ်ရှိသည်။ မြေဆီလွှာထိန်းသိမ်းမှုလည်းမရှိကြပါ။ သစ်တောနှင့် သားကောင် များကိုလည်း ကာကွယ်စောင့်ရှောက်မှု၊ ထိန်းသိမ်းမှုမရှိကြပါ။ ပိုးသတ်ဆေးဗူးခွံများကိုလည်း စနစ်တကျ စွန့်ပစ်ခြင်း မရှိသောကြောင့် ပါတ်ဝန်းကျင်သန့်ရှင်းမှုနည်းလာသည်။ သစ်တောများ လည်း ထုတ်ယူသုံးစွဲမှုများပြီး ထိန်းသိမ်းမှုအားနည်းသောကြောင့် သစ်တောပြုန်းတီးလာသဖြင့် သောက်သုံးရေရှားပါးသည်။ အဝီစီတွင်းတူးသော်လည်း အချို့ရေတွင်းများ ရေထွက်သော်လည်း အချို့ရေတွင်းများ ရေမထွက်တော့ပါ။ လက်ရှိရေတွင်း များမှာလည်း နွေရာသီတွင် အများအားဖြင့် ရေခမ်းကြသည်။ အခြားသဘာဝဘေးလျှော့ချရေးအစီအစဉ် အလေ့အထမရှိ။ ဗဟုသုတနှင့် ကျွမ်းကျင်မှု မရှိကြပါ။

(င)ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ချေးငွေရနိုင်သော ငွေစုငွေချေးစနစ် မရှိသေးပါ။ ယခင်ကလျှပ်စစ်မီး ရရှိရေး စုဆောင်းထား ငွေမှာလည်း ယခုအခါလျှပ်စစ်မီးလင်းရေး အသုံးပြုပြီးဖြစ်သဖြင့် ချေးငွေမရှိတော့ပါ။ လျှပ်စစ်မီး လည်း မရရှိကြသေးပါ။ အချင်းချင်း ငွေချေးရာတွင်လည်း တဦးနှင့်တဦး ၂၀၀၀၀ ကျပ်အထိသာ ချေးပေးလေ့ရှိကြသည်။

ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ယေဘုယျအားဖြင့် ကျေးရွာသားများ၏ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ သို့သော်တောင်သူများအနေဖြင့် ချေးငွေရရှိနိုင်သော နည်း လမ်းမရှိကြပါ။ ယခင်မီးလင်းရေး ရည်မှန်းချက်ဖြင့် ကျေးရွာ ငွေစုထားပြီး ပြန်လည်ချေးငှါးပေးခဲ့သော်လည်း ယခုအခါ ကျေးရွာမီးလင်းရေးအတွက် အသုံးပြု

လိုက်သောကြောင့် ချေးငွေ ရနိုင်သောနည်းလမ်းမရှိကြပါ။ အခြားကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမမှ ချေးငွေများရရှိနေကြသော်လည်း လယ်ထွဲကျေးရွာအနေနှင့် ပြင်ပမှချေးငွေတစုံတရာပံ့ပိုးမှု မရရှိကြပါ။ ကျေးရွာတွင် ရွှေထည်ပစ္စည်းဖြင့် ၃ကျပ်တိုး၊ အပေါင်ပစ္စည်းမပါဘဲ ၁၀ကျပ် တိုးဖြင့် အချင်းချင်းငွေချေးကြသော်လည်း အလုံအလောက်မရနိုင်ကြပါ။ တဦးဆီမှ (၁၀၀၀၀ မှ ၃၀၀၀၀) ကျပ်အထိသာချေးယူနိုင်ကြသည်။ အရေးပေါ်နှင့် လိုအပ်သည့် အချိန်တွင်လည်း အလွယ်တကူ မရနိုင်ကြ ပါ ။

(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

လယ်ထွဲကျေးရွာတွင် မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းခွဲရှိပြီး အစိုးရခန့် မူလတန်းဆရာ/ဆရာမ-၅ ယောက်၊ အလယ်တန်းဆရာမ ၂ ဦးမှ ပညာ သင်ကြားလျှက်ရှိပါသည်။ မူလတန်းကျောင်းသားဦးရေ ၁၅၆ ယောက် (၁၄၃.၁% ကျောင်းအပ်နှုန်း)၊ နှင့် အလယ်တန်းကျောင်းသားဦးရေ ၇၉ ဦး (၆၉.၉%) ဖြစ်နေရခြင်းမှာ အချို့ကလေးငယ်များမှာ အသက် (၅) နှစ်ကျော်မှ ကျောင်းစနေရခြင်းကြောင့် ဖြစ်သည်။ ဆရာနှင့် တပည့်အရေအတွက် အချိုးညီမျှမှုမရှိပါ။ ကျောင်းသား (၂၃၅) ဦးရှိပြီး ဆရာ/ဆရာမ (၇) ဦးရှိသဖြင့် ၁/၃၄ ရှိသည်။ ကျေးရွာမူလွန်ကျောင်းတွင် ၁ တန်းမှာ ၆တန်းထိ သင်ကြား ၇တန်းနှင့် အထက်တွင် ပြင်ပ သို့သင်ကြားသည်။ ကျောင်းတွင် ဂရိဘောဂ များလုံလောက် မှုမရှိ။ ကျောင်းအိမ်သာမှာလည်း တစ်ကျောင်းလုံးအတွက် (၆) လုံးသာရှိကာ (၂) လုံးမှာ ပျက်ယွင်းနေသဖြင့် လုံလောက်မှုမရှိပါ။ ကျောင်းသုံးသင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိပါ။ လက်ရှိ ကျောင်းအကျိုးတော် ဆောင်များမှာလည်း ပညာရေးတိုးတက်ရန် စိတ်ဝင်စားမှုရှိသည်။ ကျောင်းအကျိုးတော်ဆောင်ကော်မတီရှိပြီး ကျောင်းအတွက် လိုအပ်သောပရိဘောဂပစ္စည်း၊ကျောင်းအတွက်သာယာလှပရေးအတွက် တက်ကြွစွာ လှုပ်ရှားမှုရှိသည်။ မူလတန်းကျောင်းပြီးပါက စီးပွါးရေးအဆင်မပြေသောကြောင့် အများစုမှာ ကျောင်းဆက်မထားနိုင်ကြပါ။

ကျန်းမာရေးကဏ္ဍအတွက် ကျေရွာတွင် ဆေးပေးခန်းမရှိ၊ သားဖွားဆရာမဝန်ထမ်းမရှိ၍ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်ရှိသည်။ လက်ရှိတွင်ကျေးရွာမှာတုပ်ကွေး၊ ချောင်းဆိုးနှင့် ရာသီဖျားနာရောဂါအဖြစ်များ နေပါသည်။ မြွေကိုက်ခံရမှုလည်းများသည်။ နာဖျားကဲ့သို့သော သာမန်ရောဂါဖြစ်ပါက ၁မိုင်ခန့်ဝေးသော နွားလဝိုး ကျေးလက်ကျန်းမာရေးဆေးပေးခန်းတွင် သွားရောက်ပြသပြီး ရောဂါပြင်းထန်ပါက ၈ မိုင်ဝေးသော လွိုင်ကော် ဆေးရုံသို့သွားရောက်သည်။

တစ်ရွာလုံး **သောက်ရေအတွက်** ရေတွင်း ၄ တွင်း၊ အဝီစိတွင်း ၃ တွင်းနှင့် စက်အဝီစိတွင်း ၄ တွင်းရှိသည်။ ကျေးရွာရှိ အိမ်ထောင်အများစုမှာ ရေတွင်းများရှိကြသော်လည်း နွေရာသီတွင် ရေရှားပါးမှုကြုံရသည်။ မိုးရေလှောင်ကန် ၂ ခုမှာ စာသင်ကျောင်းတွင်ရှိသည်။ ပေ ၇၀၀၀ ဝေးသော ထေးရီ ရေထွက်မှ စိမ့်စမ်းရေသွယ်ယူကာ တရွာလုံးအသုံးပြုရာတွင် တခါတရံ ထေးရီရွာနှင့် ပဋိပက္ခဖြစ်ကြရသည်။

ကျေးရွာတွင် အိမ်တိုင်းနီးပါး ယင်လုံအိမ်သာအသုံးပြုကြသည်။ အိမ်ထောင်စုပေါင်း (၂၁၂) တွင် အိမ်ထောင် (၂၀၀) သည် ယင်လုံအိမ်သာကို သုံးစွဲကြသည်။ ကျင်းအိမ်သာ ၂ အိမ်နှင့် တောထိုင် ၁၀ ဦးမှာ ယခုမှ အိမ်ထောင်ခွဲသူများဖြစ်ပြီး အိမ်သာစရိတ်မတတ်နိုင်ကြပါ။ ရေရှားပါးသောကြောင့် သန့်ရှင်းမှုအခက်အခဲရှိ သည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

သီးခြားအစီအစဉ်မရှိသော်လည်းကျေးရွာအတွင်းရှိလူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေးကိစ္စများတွင် ပါဝင်ကြသည်။ လူငယ်အများစုမှာ အင်တာနက်အသုံးပြုမှု လက်လှမ်းမှီကြပြီး အိမ်တွင် TV ကြည့်ပြီး အပန်းဖြေကြသည်။ ကျေးရွာတွင် စလောင်းတပ်ဆင်မှု တစ်အိမ်သာရှိပြီး အားကစားပွဲများအား ထိုအိမ်သို့ သွား ကြည့်ကြသည်။ ကျေးရွာသာရေးနာရေး၊ လူမှုရေးများတွင် တက်ကြွစွာ ပါဝင်ကြသည်။ နှစ်စဉ် အားကစားနှင့် ရိုးရာအကပြိုင်ပွဲများတွင်လည်း ဝင်ရောက် ယှဉ်ပြိုင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြသည်။ သို့သော် အဖွဲ့အစည်းများတွင် ပါဝင်ခွင့်နှင့် ဆောင်ရွက်ခွင့် နည်းနေသေးသည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု

လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

လက်ရှိတံတား ၃ စင်းလုံးမှာ ကောင်းမွန်ပြီး အခက်အခဲမရှိကြပါ။ မြို့သို့သွားသော ကားလမ်းမှာ တစ်နှစ်ပတ် လုံးသွားလာနိုင်ပြီး ယာဉ်မျိုးစုံ သွားလာကြပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စု အားလုံးနီးပါး မော်တော်ဆိုင်ကယ်ကိုယ်စီရှိပြီး လှိုင်ကော်မြို့နှင့် (၈)မိုင်၊ မိုးဗြဲနှင့် ၆ မိုင်ခန့်သာကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ အခက်အခဲမရှိပါ။ ရွာတွင် ဆိုင်ကယ် (၉၃) စီး၊ ဘတ်စ်ကား (၃) စီး၊ သုံးဘီးဆိုင် ကယ် ၁၃ စီးရှိသည်။ လယ်ထွဲကျေးရွာသည် လှိုင်ကော်နှင် မိုးဗြဲသို့ ဟင်းသီး/ရွက်များ စိုက်ပျိုးတင်ပို့ရာတွင် သုံးဘီးဆိုင်ကယ် နှင့်ထော်လာဂျီကို အများဆုံးအသုံးပြုကြသည်။ ကျေးရွာတွင် ဆိုလာကို (၁၄၃) အိမ်မှ အသုံး ပြုလျက်ရှိကြသည်။ ဆင်းရဲအိမ်ထောင်စုများမှာ ဖယောင်းတိုင်နှင့် ဓာတ်ခဲမီးကိုသာ အားကိုးနေရပြီး ၂၀၁၅ တွင် လျှပ်စစ်မီး ရရှိရေးကြိုးပမ်းနေသည်။ ကျေးရွာလူထုသည် တယ်လီဖုန်း (၇၄) လုံး၊ ရေဒီယို (၁) လုံး၊ ရုပ်မြင် သံကြား (၁) လုံး၊ ဆိုလာသေးနှင့် ကြည့်ရသော ခေါက်တီဗွီ ၅၀ ခန့်ရှိသည်။ ဖုန်းနှင့် အင်တာနက် သုံးကြသည်။ Telenor _ Ooredoo network နှင့် အဆင်ပြေစွာ ချိတ်ဆက်နိုင်သည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ဆက်သွယ်ရေး ဖုန်းလိုင်းသိပ်မကောင်းပါ။ လွိုက်ကော်ရဲစခန်းနှင့်ချိတ်ဆက်မှု ရှိသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

လယ်ထွဲကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ ကျား (၂၉၃) ဦးနှင့် မ (၂၈၀) ဦး၊ စုစုပေါင်း (၅၇၃) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၆၃%) ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက် သင်ကြားနေသူ (၁၇) ဦး၊ တက္ကသိုလ်တက်ရောက်နေသူ (၅)ဦး၊ တက္ကသိုလ်ဘွဲ့ရ(၈) ဦး

စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေများပြားလာသောကြောင့် အနာဂတ်ကာလ တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအားအရင်းအမြစ်များရှိနေပါသည်။ ကျေးရွာတွင် လက်ရှိ လူမှုရေးအဖွဲ့ ၆ ဖွဲ့ရှိနေပြီး မိမိတို့ ကျေးရွာအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက် နေသည်မှာ လည်းအားရဖွယ်ဖြစ်ပါသည်။

သီးနှံထုတ်လုပ်မှုနှင့် ပါတ်သက်၍ ကျေးရွာတွင် လယ် ၁၀၀ ဧက၊ ယာမြေ ၁၂၄၀ ဧက၊ အိမ်ခြံဝင်းသီးနှံစိုက်ခင်း ၁၅ ဧက၊ သစ်တောမြေ ၃၁၈ ဧက၊ ရာဘာ ၄ ဧကနှင့် စုစုေပါင်း ၁၆၇၇ ဧက ရှိပြီးမြေဩ အသင့်အတင့် ကောင်းသည်။ လယ်ပိုင်တောင်သူမှာ ၂၀၈ ဦးခန့်နှင့် လယ် (၁၀၀) ဧကသာရှိပြီး တောင်သူတဦးပျမ်းမျှ လယ်မြေ (၀.၅) ဧက၊ ယာမြေ (၁၂၄၀) ဧက၊ ပျမ်းမျှ (၆) ဧက ပိုင်ဆိုင်သည်။ စုစုပေါင်းစိုက်ပျိုးမြေ ၁၆၇၇ ဧက ရှိသည်။ လယ်မြေသည် နွားလဝိုးဆည်နှင့် နီးသော်လည်း စိုက်ချိန်အမှီရေမရရှိ၊ နွားလဝိုးဆည်မှာ ၂၀၁၄ ခုနှစ်တွင် ပြန်လည်ပြုပြင်ပြီး နောက်ပိုင်း ရေမနေသဖြင့် စိုက်ပျိုးရေအလုံအလောက်မရရှိတော့ပါ။ စပါးသီးနှံ တစ်သီးသာ စိုက်ပျိုး နိုင်ပြီး မိုးကောင်းမှသာ စိုက်ပျိုးနိုင်ပါသည်။ ယာမြေတွင် ပြောင်းနှင့် ပဲစဉ်းငုံ၊ မြေပဲ သီးနှံများ အများဆုံးစိုက်ပျိုးကြသော်လည်း ရာသီဥတုမကောင်းခြင်း (မိုးခေါင်ခြင်း)၊ မြေဆီလွှာပျက်သုန်းခြင်း ကြောင့် မျှော်မှန်း သီးနှံအထွက်နုန်း မရရှိကြပါ။ ဟင်းသီး/ရွက်ကိုလည်း စိုက်ပျိုးရေ မရှိ သောကြောင့် အိမ်ခြံဝန်းအတွင်း မိမိ စားသုံးရန်လောက်သာ စိုက်ပျိုးနိုင်သည်။

ငွေကြေးဝန်ဆောင်မှုအနေဖြင့် ချေးငွေ သီးသန့်မရှိကြပါ။ အချင်းချင်းချေးငှားရာတွင်လည်း ၂၀၀၀၀ ကျပ် အထိသာ အများဆုံး ချေးငှားလေ့ရှိကြသည်။

လွိုင်ကော်မြို့နှင့်နီးပြီး စျေးကွက် အလုံအလောက်ရှိသည်။ လမ်းပန်း ဆက်သွယ်ရေး ကောင်းပြီး အချိန်မရွေး၊ ရာသီမရွေး၊ ယာဉ်မျိုးစုံသွားလာနိုင်သည်။ စိုက်ပျိုးရေးထွက်ကုန်နှင့် သွင်းအားစုများကို အလွယ်တကူရောင်းနိုင်၊ ဝယ်နိုင်သည်။ နည်းပညာဝန်ဆောင်မှုများကိုလည်း မြန်မာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး ကုမ္ပဏီများ၊ ဖွံ့ဖြိုးရေးအဖွဲ့များထံမှရရှိနိုင်သည်။

လယ်ယာသုံးစက်ကရိယာများကို အရစ်ကျရောင်းချသောကုမ္ပဏီများလည်း ဒေသအတွင်း ရှိသည်။ ကျေးရွာ တွင်ထွန်စက် ၁၁ စင်း၊ လက်တွန်းထွန်စက် ၇၀ စင်း၊ ရေစုပ်စက် ၁ နှင့်မြက်ရိတ် စက် ၄ ခုကို အသုံးပြုကြသည်။

မွေးမြူရေးအတွက် စားကျက်သီးခြားမရှိ။ တောတောင်ပတ်ဝန်းကျင် တောင်ယာစိုက်ခင်း များရှိသည်။ သီးနှံများရိတ်သိမ်းပြီးချိန်တွင်သာ စားကျက်ရှိသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရန် အိမ်ခြံဝင်းရှိသည်။ ရေရှားပါး သည်။ သို့သော်ရေကန်အဟောင်းအားပြန်ပြင်ပါက ရေရရှိနိုင်သည်။ ကျေးရွာတွင် နွားကို အဓိကမွေးမြူပါသည်။။ နွားကိုခိုင်းနွားအဖြစ်အသုံးပြု၍ စိုက်ပျိုးရေးအတွက် နွားချေးရရှိသောကြောင့် တိုးချဲ့မွေးရန် အလားအလာရှိ။ နွားမွေးမြူရန် အခွင့်အလမ်းကောင်းများ ရှိသည်။ တိုးချဲ့မွေးမြူရန် ချေးငွေမရှိသောကြောင့် အရင်း အနှီး မရှိကြ ပါ ။

ကိုယ်ပိုင်လုပ်ငန်းအနေဖြင့် စုစုပေါင်း လုပ်ငန်းအရေအတွက် ၃၉ ခု နှင့် အလုပ်သမား အရေအတွက် ၈၀ ရှိသည်။ ငွေကြေးဝန်ဆောင်မှုအနေဖြင့် ချေးငွေမရှိကြပါ။ ယခင်က လျပ်စစ်မီး တပ်ဆင်ရန် ကျေးရွာစုငွေ သိန်း (၃၀၀) မှ ချေးယူနိုင်သော်လည်း ယခုအခါ ၎င်းငွေမှာ လျပ်စစ်မီး ရရှိရေးအတွက် အသုံးပြုကြသောကြောင့် ကျေးရွာ တွင် ချေးငွေမရှိကြတော့ပါ။

သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်အနေဖြင့် အလေ့အထမရှိ။ ဗဟုသုတနှင့် ကျွမ်းကျင်မှု မရှိကြပါ။

သောက်ရေသွယ်ယူခြင်းနှင့်ပါတ်သက်၍ အခြားရွာနှင့် တခါတရံ ပဋိပက္ခ ဖြစ်တတ်ကြသည်။

ပညာရေးအနေဖြင့် ကျေးရွာတွင် အလယ်တန်းကျောင်းရှိသည်။ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်ရန် လွိုင်ကော်နှင့်နီးပြီး တက္ကသိုလ်ဘွဲ့ရပြီးသူ ၈ ဦး၊ တက္ကသိုလ် တက်ရောက်နေသူ ၅ ဦး၊ အထက်တန်း တက် ရောက်နေသူ ၁၇ ဦးရှိသည်။ အခြေခံ အရေး၊ အဖတ် တတ်မြောက်သည့် မူလတန်းပညာပြီးဆုံးသူ ၃၉၄ ဦးရှိ သဖြင့် အလားအလာကောင်းဖြစ်သည်။

ကျန်းမာရေးအနေဖြင့်ဆေးခန်းနှင့် သားဖွါးဆရာမ မရှိကြပါ။ အရေးပေါ် ကျန်းမာရေး ကိစ္စရှိပါက အနီးဆုံး နွားလဝိုးကျန်းမာရေးဆေးခန်းသို့ သွားကြရပြီး လိုအပ်ပါ လွိုင်ကော်ဆေးရုံသို့ သွားကြရသည်။ ကျေးရွာတွင် ရေတွင်း ၄ တွင်း၊ အဝီစိတွင်း ၃ တွင်းနှင့် စက်အဝီစိတွင်း ၄ တွင်း ရှိသော်လည်း နွေရာသီတွင် ရေတွင်းများ ရေခမ်းသဖြင့် လုံလောက်မှုမရှိကြပါ။ အိမ်ခြေ ၂၁၂ အနက် ၂၀၀အိမ်မှ ယင်လုံအိမ် သာကို အသုံးပြုနေကြသည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လွိုင်ကော်နှင့် ၈ မိုင်သာဝေးပြီး ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းဖြစ်သည်။ ယာဉ်မျိုးစုံ အချိန်မရွေး သွားလာနိုင်သည်။ သယ်ယူပို့ဆောင်ရေး အနေဖြင့် ဆိုင်ကယ် ၉၃ စင်း၊ သုံးဘီး ဆိုင်ကယ် ၁၃ စင်း၊ ဘတ်စ်ကား ၃ စင်းရှိသည်။

ဆိုလာအသုံးပြုသူ ၁၄၃ အိမ်ထောင်ရှိပြီး ဆင်းရဲအိမ်ထောင်စုများမှာ ဖယောင်းတိုင်နှင့် ဓာတ်ခဲမီးကိုသာ အားကိုးနေရပြီး ယခု ၂၀၁၅ တွင် လျှပ်စစ်မီးရရှိရေးကြိုးပမ်းနေသည်။ ကျေးရွာအတွင်းရှိ လူငယ်များမှာ ကျေးရွာ၏သာရေး၊ နာရေးကိစ္စများတွင်ပါဝင်ကြသည်။ လူငယ် အများစုမှာ အင်တာနက် အသုံးပြုမှု လက်လှမ်းမှီကြပြီး အိမ်တွင် ခေါက်တီဗွီကြည့်ပြီး အပန်းဖြေ ကြသည်။ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေး ဘာသာရေးနှင့် ရိုးရာယဉ်ကျေးမှုများတွင် ပါဝင် ဆောင်ရွက်ကြသည်။ စာကြည့်တိုက်တွင် စာအုပ်စာပေများ လေ့လာဖတ်ရကြပြီး သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်မှုရှိကြသည်။ ဘာသာရေးပွဲများတွင်လည်း ဝန်ဆောင်မှု များပေးသည်။ ဝါတွင်းကာလတွင် လူငယ်များ ဘုန်းကြီးကျောင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။ ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင် ရွက်ကြသည်။ လူငယ်များအားကစားတွင် လေ့လာလိုက်စားမှုအားကောင်းပြီးဆုရရှိကြသည်။ ရိုးရာ အက များကို ထိန်းသိမ်းပြီး နှစ်စဉ် ကယားနှစ်သစ်ကူးတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

(ခ) အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

လယ်ထွဲကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက် များတွင် အားနည်းမှုများ ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်မြင့် ဝန်ဆောင်မှု အဖွဲ့များ နှင့်အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

လယ်ထွဲကျေးရွာသီးနှံထုတ်လုပ်မှုနည်းနေရခြင်းမှာ လယ်မြေများတွင် နွားလဝိုးဆည်ရေဖြင့် စိုက်ပျိုးကြသော်လည်း ၂၀၁၄ ခုနှစ်တွင် ၎င်းဆည်ပြုပြင်ပြီး ရေမလုံသဖြင့် ဆည်မှာရေမနေတော့ပါ။ ထို့ကြောင့် လက်ရှိတွင် စိုက်ပျိုးရေမရနိုင်ပါ။ ရာသီဥတုဖေါက်ပြန်ခြင်းကြောင့် မိုးရွာသွန်းမှု နောက်ကျခြင်း၊ မိုးခေါင်ခြင်း၊ မိုးရေလုံလောက်မှုမရှိခြင်းတို့ကြောင့် ယာသီးနှံစိုက်ပျိုးမှုမှာလည်း အောင်မြင်မှုမရှိဘဲ သီးနှံအထွက် လျော့နည်းသည်။ ငွေကြေးဝန်ဆောင်မှုအနေဖြင့်လည်း ချေးငွေရနိုင်ခြင်းမရှိကြပါ။ ထိုကြောင့် သွင်းအားစုများကို အချိန်မီ အသုံး ပြုနိုင်ခြင်းမရှိ။ အလုံအလောက် အသုံးပြုနိုင်ခြင်းမရှိ။ မျိုးကောင်းမျိုးသန့် လက်လှမ်းမီမှုမရှိ။ အချို့ကျပန်းများ လယ်ယာလုပ်ငန်းမှ အလုပ်နှင့်ဝင်ငွေပုံမှန်မရှိခြင်း၊ လုပ်အားခနည်းခြင်းကြောင့် လမ်းနှင့်ဆောက်လုပ်ရေး လုပ်ငန်းခွင်များသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်သားရှားပါးမှုကြုံရသည်။ မိုးခေါင်ပြီး ရာသီကို အချိန်လုစိုက်ပျိုးရသောကြောင့် လယ်ယာသုံးစက်ကိရိယာ လုံလောက်မှုမရှိ။ စိုက်ပျိုးမြေ တိုးချဲ့ရန်မရှိ။ မိုးစပါးစိုက်ရန် အချိန်လုရခြင်း၊ ခြွေလျှော့ပြီး ချက်ချင်းရောင်းရသောကြောင့် ဈေးကောင်းမရပေ။ ဖျက်ပိုးရောဂါများ ပြင်းထန်ဆိုးရွားစွာ ကျရောက်မှုရှိပြီး ထိရောက်စွာ နှိမ်နှင်းနိုင်ခြင်းမရှိပါ။ မြန်မာ့စိုက်ပျိုးရေး ဌာနနှင့် စိုက်ပျိုးရေးကုမ္ပဏီများမှ နည်းပညာဝန်ဆောင်မှုပေးသော်လည်း လုံလောက်မှုမရှိသေးပါ။

မွေးမြူရေးအနေဖြင့် ထုတ်လုပ်မှု နည်းနေရခြင်းမှာလည်း ရိုးရာအရ နွားတမျိုးတည်းကိုသာ မွေးမြူကြပြီး အခြား ကြက်၊ ဝက်မွေးမြူလေ့ မရှိကြပါ။ ဗဟုသုတနှင့် နည်းပညာလည်း အားနည်းသည်။ မွေးမြူကုသရေးဆိုင်ရာ ကျွမ်းကျင်သူကျေးရွာတွင်မရှိ။ မွေးမြူရေးလုပ်ငန်းအတွက် သီးသန့် ချေးငွေမရှိ။ တိရိစ္ဆာန်ရောဂါ ကာကွယ်ကုသရေး နည်းပညာဝန်ဆောင်မှုများမရရှိ၍ ဆုံးရှုံးမှုများ ရှိပါသည်။ တိမွေးကုရုံးနှင် ဆက်သွယ်မှု အားနည်းသည်။ အချိန်မမှီပါက သေဆုံး/ဆုံးရှုံးမှုများ နှစ်စဉ်ဖြစ်လေ့ရှိပါသည်။ ဆေးကုသစရိတ်လည်းမြင့်သည်။ အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ မွေးမြူရန် အဆက်အသွယ်မရှိ။ လက်လှမ်းမမီကြပါ။ မွေးမြူရေးတိုးချဲ့မွေးမြူရန် ချေးငွေနှင့် ထုတ်ကုန်များအတွက် ဈေးကွက်ဖွံ့ဖြိုးမှု လည်းမရှိသေးပါ။ ဆေးကုသစရိတ်လည်းမြင့်သည်။ အစာစရိတ်မြင့်သည်။ မိမိခြံထွက်တိရိစ္ဆာန်များအား လွတ်လပ်စွာရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲသည်။ ဒေသတွင်းဈေးကွက်ကိုသာ မှီခိုနေရပြီး ပြင်ပသို့သယ်ယူရောင်းချရာတွင် အကန့်အသတ်များရှိနေသည်။ စည်သွပ်စက်ရုံကဲ့သို့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုမရှိ။ လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ် မှုခံရခြင်းတို့ကြောင့် မွေးမြူရေးကဏ္ဍ တိုးတက်လာစေရန်အတွက် လိုအပ်ချက်များ ရှိနေပါသည်။

ကျေးရွာတွင် နေ့စားလုပ်ကိုင်သူများရှိသော်လည်း ပုံမှန်အလုပ်အကိုင်နှင့် ဝင်ငွေမရှိကြပါ။ ဝင်ငွေတိုးလုပ်ငန်း များအတွက် အစိုးရစီမံကိန်းနှင့် မူဝါဒအားနည်းသည်။ အသက်မွေးဝမ်းလုပ်ငန်း ကျွမ်းကျင်မှုမရှိ။ သင်တန်း များတက်ရောက်ရန် ကုန်ကျစရိတ်မတတ်နိုင်၊ အဆက်အသွယ်မရှိကြပါ။ ဈေးကွက်နှင့်နီးပြီး လမ်းပန်းဆက်သွယ်မှုကောင်းသော်လည်း ဈေးကွက်ချိတ်ဆက်မှုမရှိ။ ပုံမှန် သွားလာသည့် သယ်ယူပို့ဆောင်ရေး ယာဉ်မရှိပါ။ သတင်းအချက်အလက်ရရှိနိုင်မှုအားနည်းသည်။ အလုပ်အကိုင် အခွင့်အလမ်းနှင့် အဆက်အသွယ် အားနည်းသည်။ လက်သမား၊ ပန်းရံ စသည်

လက်ရှိကျွမ်းကျင်မှုများရှိသော်လည်း အရင်းအနှီးနည်းသည်။ ကျွမ်းကျင်မှု စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။

ငွေကြေးဝန်ဆောင်မှုအနေဖြင့် ချေးငွေရနိုင်ခြင်းမရှိ။ ပြင်ပလွှိုင်ကော်နှင့် မိုးဇြဲအပေါင်ဆိုင်များမှ ငွေချေးပါက အပေါင်ခံပစ္စည်းလိုအပ်ခြင်း၊ အတိုးနှုန်းမြင့်မားခြင်း စသည့် အခက်အခဲများ ရှိသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းသော်လည်း ပုံမှန်ပြေးဆွဲသည့် ယာဉ်မရှိသဖြင့် စင်းလုံးငှါးရမ်းအသုံးပြုရသည့်အခါ ကုန်ကျမှုများသည်။ သွားလာလိုသည်အချိန်တွင် ယာဉ်များမရှိသည့်အတွက် အလွယ်တကူ ငှားရမ်းအသုံး ပြုနိုင်ခြင်းမရှိ။

သဘာဝဘေးအန္တရာယ်အနေဖြင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ ရေအရင်းအမြစ် ရှားပါးလာခြင်း၊ မြေဆီလွှာထိန်းသိမ်းမှုအားနည်းခြင်း၊ တိရိစ္ဆာန်ရောဂါများကျရောက်ခြင်းများစွာရှိသည်။ သဘာဝဘေးအန္တရာယ်လျှော့ချရေးသင်တန်းနှင့် ဗဟုသုတလည်း မရှိပါ။

ပညာရေးအနေဖြင့် ကျောင်းသားများ ပညာရေးအခြေခံနည်းခြင်းနှင့် အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်သူဦးရေ သိသိသာသာလျော့နည်းသွားရခြင်းမှာလည်း ကျေးရွာတွင် မူလတန်းအဆင့်နှင့် အလယ်တန်းအထိ သာရှိပြီး၊ အထက်တန်းနှင့် တက္ကသိုလ်မှာ လွှိုက်ကော်သို့ သွားရောက်တက် ရခြင်းနှင့် မိဘများ ဆင်းရဲသဖြင့် ကျောင်းဆက်မထားနိုင်သောကြောင့် ဖြစ်သည်။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိ၊ ဆရာနှင့် တပည့် အရေအတွက် အချိုးညီမျှမှု မရှိသေးပါ။

ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတွင် တုပ်ကွေးရောဂါအဖြစ်များနေပါသည်။ မြွေကိုက်မှုများသည်။ အရေးပေါ်ဖြစ်ပါက လွှိုင်ကော်သို့ သွားရောက်ကုသကြရသည်။ ရွာတွင်ဆေးခန်းမရှိ။ သားဖွားဆရာမမရှိ။ ကိုယ်ဝန် ဆောင်မိခင်များ ကျန်းမာရေး စောက်ရှောက်မှုမရကြပါ။ နွေရာသီတွင် ရေတွင်းများရေခမ်းသောကြောင့် သောက်ရေလုံလောက်မှုမရှိ။ ယင်လုံအိမ်သာကိုလည်း စနစ်တကျသုံးစွဲနိုင်မှုနှင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတ များလည်း အားနည်းနေသေးသည်။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှု အားနည်းကြပါသည်။ အသက်မွေးအတတ်ပညာလည်းအားနည်းပြီး အလုပ်အကိုင်အခွင့်အလမ်း အားနည်းသည်။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်းနည်းပါးပါသည်။ မိုဘိုင်းဖုန်းကို သတင်း၊ မီဒီယာနှင့် ပညာလေ့လာသင်ယူရန်အတွက် အသုံးပြုလေ့မရှိကြသေးပါ။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ လယ်ထွဲကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောအထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်း စွမ်းရည်တိုးတက်ရေးနှင့် လူမှုအခြေခံအဆောက်အဦးများလက်လှမ်းမီမှု ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ် ထားပါ သည်။

(၁) ပညာရေး၊ ကျန်းမာရေးသောက်သုံးရေ၊ လူငယ်ကဏ္ဍဖွံ့ဖြိုးရေး စသည်တို့ဆိုင်ရာ အခြေခံလူမှုအဆောက်အဦးများအား လက်လှမ်းမီမှု ပိုမိုကောင်းမွန်လာခြင်းဖြင့် ကျေးရွာလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

(၂) သီးနှံထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာခြင်း၊ တိရိစ္ဆာန်မွေးမြူရေးတိုးတက်လာခြင်းနှင့် အခြားဝင်ငွေရလုပ်ငန်းများအား လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ ဝင်ငွေတိုးနေပြီဖြစ်ရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) အထက်ပါ ပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ကုလသမ္မဂအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့၊ ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

(၂) ကျေးရွာ၏လယ်မြေများသည် နွားလဝိုးဆည်ရေသောက်ဖြစ်သော်လည်း ယခုအခါ နွားလဝိုးဆည်မှ ဆည်ရေမရနိုင်တော့သဖြင့် သီးနှံတိုးတက်ထုတ်လုပ်ရေးအတွက် အဟန့်အတားတစ်ခုဖြစ်စေပါသည်။ ယာမြေသီးနှံ တိုးတက်စိုက်ပျိုးနိုင်ရေးအတွက် စက်အဝီစီတွင်းဖြင့်စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း၊ သီးနှံစိုက် ဧကတိုးတက်ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ခြင်းဖြင့် အကျိုးများရရှိအောင်ဆောင်ရွက်ကြမည်ဖြစ်ပါ သည်။

(၃) ကျေးရွာ၏ အခြေခံလူမှုအဆောက်အဦးများ တိုးတက်ကောင်းမွန်လာရေးအတွက် အောက်ဖော်ပြပါလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၏ အကူအညီ၊ ကျေးရွာလူထု၏ ထည့်ဝင်မှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆောင်ရွက်မည့်လုပ်ငန်းများမှာ သောက်ရေအတွက် စက်အဝီစီတွင်းတူးဖေါ်ခြင်းအား ကျေးလက်ဦးစီးဌာနထံ အကူအညီတောင်ခြင်း၊ ကျောင်းပရိဘောဂနှင့် ယင်လုံအိမ်သာဆောက်လုပ်ခြင်းအတွက် ပညာရေးဌာနနှင့် ချိတ်ဆက်ဆောက်ရွက်ခြင်း၊ လူငယ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်၊ ပအိုဝ်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ လူငယ်တီးဝိုင်း

ထူထောင်ခြင်း၊ အားကစားပစ္စည်းများ စုဆောင်းခြင်းစသည့် စီမံချက်များ ရေးဆွဲအကောင်အထည် ဖော်ခြင်းတို့ ဖြစ်ပါသည်။

(၄) ကျေးရွာတွင် အိမ်ခြေ ၂၁၂ အိမ်ရှိသဖြင့် ကျေးရွာအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးရံပုံငွေ သိန်း ၅၀၀ ရှိပါက ဆင်းရဲသားများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် လှည့်ပတ်ရံပုံငွေအဖြစ် လိုအပ်သည့်အချိန်တွင် အတိုးနှုန်းသက်သာစွာဖြင့် ချေးယူ၍ ဝင်ငွေတိုး လုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ကိုင်နိုင်မည်။ ထို့ကြောင့် လက်ရှိလိုအပ်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် အရင်းအနှီးကို ဖွံ့ဖြိုးရေးအဖွဲ့များ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အရင်းအတိုးကို မိမိတို့ကျေးရွာဖွံ့ဖြိုးရေးလှည့်ပတ်ရံပုံငွေထူထောင်ခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

(၅) ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ တိရိစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုများ၊ ၎င်းတို့အတွက် လိုအပ်သောသွင်းအားစုဈေးကွက် လက်လှမ်းမီရေး အစီအစဉ်များ၊ ကျေးရွာလူထုအတွက် လုပ်ငန်းအခွင့်အလမ်းများဖန်တီးနိုင်ရေး စသည်တို့အတွက် နည်းပညာနှင့်ဖွံ့ဖြိုးရေး အကူအညီများကို မြို့နယ်အဆင့်အဖွဲ့အစည်းများထံမှ ရရှိရေးကို ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်၍ အကောင်ထည်ဖော်သွားမည်ဖြစ်ပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော် ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့် မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

လယ်ထွဲကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများရရှိမှုကလည်းအဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခု တည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသား မြေယာမဲ့များအတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက် သင့်တော်သော အတိုးနှုန်းဖြင့် ကာလ ရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို ဒေသ လိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

လယ်ထွဲကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်မွေးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ကျေးရွာ၏ စိုက်ပျိုး၊ မွေးမြူရေး ကုန်ကြမ်းများထွက်ရှိသော အားသာချက်ကိုအမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြ အထောက်အပံ့ပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ် သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။ ၎င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်ပေးခြင်းဖြင့် စည်သွပ်စက်ရုံများ တည်ထောင်ခြင်းဖြင့် ထွက်ကုန်များကိုတန်ဖိုးမြှင့်ခြင်း၊ မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းများ လိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲ လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန် တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေး ရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိ ဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစား လုပ် ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်း အလုပ်အကိုင် အခွင့် အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်းနှင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ် ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက် များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေး လုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက် များအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး

ရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်း ဖြစ်ပါ သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါ သည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေ ဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ် လျက်)၊

(၄) လူသားချင်း စာနာမှု အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် ရွာသူရွာသားများမှ အများသဘောတူ ရွေးချယ်ဖွဲ့စည်းလိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (၁၁)ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူရွာသားများက ဦးစားပေးလုပ်ငန်းများ ရွေးချယ်

ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သော စီမံချက် များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

လယ်ထွဲကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များ ကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက်
အုပ်ချုပ်ရေး ကဏ္ဍ				
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး	၁၀၀	၂	• ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း
စိုက်ပျိုးရေး ကဏ္ဍ				
သီးနှံ	၂။ သီးနှံအထွက်တိုးရန် နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီရန်ဆောင်ရွက်ခြင်း	၉၃	၅	• ပြောင်အစားနှမ်းစမ်းသပ်စိုက်ပျိုးခြင်း • ပိုးသတ်ဆေးမြေဩဇာစနစ်တကျသုံးစွဲနည်းသင်တန်း • နှစ်ရှည်ပင်စိုက်ပျိုးနည်းသင်တန်း • မြေဆီလွှာထိန်းသိမ်းနည်း • စပါး၊မြေပဲ၊ပဲစဉ်းငုံမျိုးကောင်းမျိုးသန့် • စပါးဘဏ်
တိရစ္ဆာန် မွေးမြူရေး				
တိရိစ္ဆာန်မွေးမြူရေး	၃။ တိရိစ္ဆာန်မွေးမြူရေး တိုးမြှင့် ဆောင်ရွက်ခြင်း	၈၆	၆	• တိမွေးကုသင်တန်း • မွေးမြူရေးနွားကြက်၊ဝက် • ငါးကန်တည်ဆောက်ခြင်း(၄၈က) •

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက်
အခြား ဝင်ငွေရ လုပ်ငန်းများ				
ဝင်ငွေရလုပ်ငန်း	၄။ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးခြင်း။	၉၉	၃	• ဂပ်ရော့စက်ပြင်သင်တန်း • အင်္ဂလိပ်စာ-ကွန်ပျူတာသင်တန်း • ပန်ရံလက်သမားစွမ်းရည်မြှင့်သင်တန်း • စက်ချုပ်ဇာထိုးပန်းထိုးသင်တန်း • ယာဉ်မောင်းသင်တန်း • အလှပြင်သင်တန်း • သုံးဘီးတက္ကစီ
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း				
ချေးငွေ လက်လှမ်း မီရေး	၅။ လုံလောက်သောချေးငွေပမာဏအား သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များ နှင့် ချိတ်ဆက်ရေး	၇၅	၈	• အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်မူတည်၍ ထုတ်ချေးပေးနိုင်မည့် ချေးငွေဌာနများနှင့် ချိတ်ဆက်ခြင်း • ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း • ကျေးရွာရံပုံငွေကြေးအရင်းအနှီးထူထောင်ခြင်း
ပညာရေး				
ပညာရေး ဖွံ့ဖြိုးရေး	၆။ ပညာရေးအခြေခံအဆောက်အဦးများ	၁၀၁	၁	• ကျောင်းပရိဘောဂနှင့်ယင်လုံအိမ်သာ • စာကြည့်တိုက်ပြန်လည်ထူထောင်ခြင်း
ကျန်းမာရေး				
ကျန်းမာရေး တိုးတက်လာစေရေး	၇။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေးနှင့် ဗဟုသုတ ကျွမ်းကျင်မှုများ	၉၄	၄	• စက်ရေတွင်း • သားဖွားနှင့်ကျန်းမာရေးသင်တန်း
လမ်းပန်း ဆက်သွယ်ရေး				

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက်
လမ်း၊ တံတား ကောင်း မွန် လာစေရေး			•	
<u>ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား</u>				
လူငယ်များ စွမ်း ဆောင် ရည် တိုးတက် လာစေ ရေး	၈။ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာ သင်တန်းများ	၈၀	၇	• ပအို့စာပေနှင့်ယဉ်ကျေးမှုအဖွဲ့လူငယ်တီးဝိုင်း • အားကစားပစ္စည်း
လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး				
လျှပ်စစ်မီး ရရှိရေး			•	
ဆက်သွယ်ရေး				
ဆက်သွယ်မှု တိုးတက်စေရေး			•	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲ ထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံကိန်း	ဦးစား ပေး အဆင့်	ကာလ					မှတ် ချက်
			၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	
၁	လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာ သင်တန်းများ	၇	Â	Â				
၂	ပညာရေးအခြေခံအဆောက်အဦးများ	၁	Â					
၃	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး	၂	Â					
၄	အလုပ်အကိုင် အခွင့်အလမ်းဖန်တီးခြင်း။	၃	Â					
၅	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက် လာစေရေးနှင့် ဗဟုသုတ ကျွမ်းကျင်မှုများ	၄	Â	Â				
၆	သီးနှံအထွက်တိုးရန် နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီရန် ဆောင်ရွက်ခြင်း	၅	Â	Â				
၇	လုံလောက်သောချေးငွေပမာဏ အားသင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့်ချိတ်ဆက်ရေး	၈	Â					
၈	တိရိစ္ဆာန်မွေးမြူရေးတိုးမြှင့် ဆောင်ရွက်ခြင်း	၆	Â					

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ် ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက် ၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံကိန်း	ရန်ပုံငွေ	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာသင်တန်းများ			Â	Â	
၂	ပညာရေးအခြေခံအဆောက်အဦးများ			Â		
၃	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ရေး			Â		
၄	အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးခြင်း။			Â	Â	
၅	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေးနှင့် ဗဟုသုတ ကျွမ်းကျင်မှုများ			Â	Â	
၆	သီးနှံအထွက်တိုးရန် နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီရန် ဆောင်ရွက်ခြင်း			Â	Â	
၇	လုံလောက်သောချေးငွေပမာဏအား သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့်ချိတ်ဆက်ရေး			Â		
၈	တိရိစ္ဆာန်မွေးမြူရေးတိုးမြှင့် ဆောင်ရွက်ခြင်း			Â	Â	

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင် မြင် ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေး နှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်း များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်။ ကျေးရွာ မူလတန်း ကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင် မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်း များ၊ ပုဂ္ဂလိက အဖွဲ့ အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

လယ်ထွဲကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက်လုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက် မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြု ချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင် ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့်

ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါ မည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည် သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများ ထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများ ထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

၁။ ကျေးရွာလူမှုစီးပွားရေးအခြေအနေ

၁.၁။ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လယ်ထွဲကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း%	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၅	၁၅	၂၀	၂%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၃၇	၄၀	၇၇	၉%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၅၅	၅၄	၁၀၉	၁၂%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၅၅	၅၈	၁၁၃	၁၂%	အလယ်တန်းကျောင်းသားအရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၂၉၃	၂၈၀	၅၇၃	၆၃%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၅	၈	၁၃	၁%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၄၅၀**	**၄၅၅**	**၉၀၅**	**၁၀၀%**	
အိမ်ထောင်စုပေါင်း			၂၁၂		
တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေ			၄.၂၆		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅) ရက်နေ့တွင်ကောက်ယူထားခြင်းဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ လက်ရှိအမှန်တကယ်နေထိုင်သူ လူဦးရေစာရင်းအတိအကျကို တအိမ်ချင်း ကောက်ယူထားသည်။ ကျေးရွာတွင် အိမ်ထောင်စု ၂၁၂ ရှိပြီး လူဦးရေပေါင်း (၉၀၅) ရှိသည်။ (၁၇–၁၉ရက်၊ ဇူလိုင်လ ၂၀၁၅) နေ့အထိ သာအတည် ဖြစ်ပါသည်။

၂။ အိမ်ထောင်စုပေါင်း (၂၁၂) အိမ်နှင့် လူဦးရေ (၉၀၅) (ကျား ၄၅၀ + မ ၄၅၅) ရှိ သည်။

၃။ အိမ်ထောင်စု အရွယ်အစားမှာ ပျမ်းမျှ ၄.၂၆ ရှိပြီး မြန်မာနိုင်ငံ၏ သတ်မှတ်ထားသော ကျေးရွာအဆင့် အိမ်ထောင်စု အရွယ်အစားထက် အလွန်နည်းနေသည်ကိုတွေ့ရသည်။

၄။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သောလူဦးရေ ၅၇၃ ဦး ရှိပြီး စုစုပေါင်း လူဦးရေ၏ ၆၃% ရှိသည်။ အလုပ်လုပ်ကိုင်နိုင်သော အမျိုးသားဦးရေမှာ အလုပ်လုပ်ကိုင်နိုင်သော အမျိုးသမီး ဦးရေထက် (၁၃) ဦး (၂.၃%) ပိုများ သည်။ ကျေးရွာရှိ လူဦးရေနှင့် နှိုင်းယှဉ်လျှင် အလုပ်လုပ်နိုင်သူဦးရေမှာ များသော်လည်း မိသားစုအများစုမှာ ဆင်းရဲသည်နေ သည်ကို လည်း တွေ့ရသည်။

၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဧယား (၂) လယ်ထွဲကျေးရွာ၏ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း		တွဲဖက် လုပ်ငန်း (လူဦးရေ)	မှတ်ချက်
		အဓိကလုပ်ငန်း (အိမ်)	%		
၁	**စိုက်ပျိုးရေးလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၂၀၈	၉၈.၁		လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ဆောင်သည့် အိမ်ထောင်စုများဖြစ်သည်
	လုပ်သား(အငှား၊ဝန်ထမ်း)			၇၃	တောင်သူငယ်များနှင့် ဆင်းရဲသောတောင်သူများမှာ ၎င်းတို့ဝင်ငွေအတွက် နေ့စားစိုက်ပျိုးရေး အလုပ်များကို လုပ်ကိုင်ကြရသည်။
	မိသားစုဝင်လုပ်အား			၄၁၆	ကျန်မိသားစုများမှ အိမ်ထောင်ဦးစီး၏ စိုက်ပျိုးရေးအလုပ်ကို အချိန်ပိုင်း အနေဖြင့် ပိုင်းဝန်း လုပ်ကိုင် ကြရသည်။
၂	**မွေးမြူရေးလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း			၆၃	မြေယာမဲ့နှင့် ဆင်းရဲသောတောင်သူ ၆၃ အိမ်မှာ မွေးမြူရေးကို အပိုဝင်ငွေရရှိရန် မွေးမြူကြသည်။
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၃	**ငါးလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၄	**ခါတ်သတ္တုနှင့် ကျောက်တူးဖော်ခြင်းလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း		တွဲဖက်လုပ်ငန်း (လူဦးရေ)	မှတ်ချက်
		အဓိကလုပ်ငန်း (အိမ်)	%		
၅	**ကုန်ထုတ်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၁	၀.၅%	၇၀	တစ်အိမ်ထောင်မှာ ရိုးရာမုံ့လုပ်ငန်း တို့ဟူး၊ပဲပြား၊ စာကလေးကြော်ကို အဓိကအသက်မွေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။ ၁၅ ဦးမှာ ဝါး နှင့်ဝါးခြင်းတောင်းယက်လုပ်ခြင်းလုပ်ငန်း၊ ၂၀ ဦးမှာ သဘာဝသစ်တော အတွင်းမှ မျှစ်၊ ဟင်းသီး/ရွက် ရှာဖွေရောင်းချခြင်း၊ ၃၅ ဦးမှာ လွှဆွဲလုပ်ငန်းများကို ဝင်ငွေရလုပ်ငန်းအနေဖြင့် လုပ်ကိုင်ကြသည်။ ၎င်းတို့၏အဓိကအသက်မွေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။
	လုပ်သား(အင်္ဂား၊ဝန်ထမ်း				
	နေစားလုပ်သား				
၆	**လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေဖြန့်ဝေရေးလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၇	**ဆောက်လုပ်ရေးလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၁	၀.၅%	၁၀	တစ်ဦးမှာ ပန်းရံခေါင်းဆောင်ဖြစ်ပြီး ကျန် ၁၀ ဦးမှာ ပန်းရံနှင့် လက်သမား နောက်လိုက်များဖြစ်သည်။
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း		တွဲဖက် လုပ်ငန်း (လူဦးရေ)	မှတ်ချက်
		အဓိကလုပ်ငန်း (အိမ်)	%		
၈	**လက်လီလက်ကား အရောင်းအဝယ်၊ စက်ပြင်ဆိုင် (စက်ဘီး၊ ဆိုင်ကယ်)၊ အိမ်သုံးပစ္စည်းအရောင်းဆိုင်**				
	ကိုယ်ပိုင်လုပ်ငန်း			၃၅	၂၀ ဦးမှာ အိမ်ဈေးဆိုင် လုပ်ငန်းဖြစ်ပြီး ၁၅ ဦးမှာ ဟင်း သီး /ရွက် ရောင်း သူများဖြစ်ကြသည်။
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၉	**ဟိုတယ် နှင့် စားသောက်ဆိုင်များ**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၀	**သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ကုန်သိုလှောင်ခြင်း၊**				
	ကိုယ်ပိုင်လုပ်ငန်း	၂	၀.၉%		၂ ဦးမှာ ဆိုင်ကယ်တက္ကစီ နှင့် သုံးဘီးဆိုင်ကယ် မောင်းသူများဖြစ်ပြီး ကျေးရွာနှင့် လွိုင်ကော်/ မိုးဖြဲသို့ သွားလာကြသည်။
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၁	**ငွေကြေးဝန်ဆောင်မှု လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၂	**အိမ်ခြံမြေရောင်းဝယ်ရေး၊ ငှားရမ်းရေး နှင့် အလားတူလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၃	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း		တွဲဖက် လုပ်ငန်း (လူဦးရေ)	မှတ်ချက်
		အဓိကလုပ်ငန်း (အိမ်)	%		
၁၄	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၅	**ကျန်းမာရေး နှင့် လူမှုရေးလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၆	**အင်္ဂားလိုက်ကျပန်းလုပ်သားများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၇	**ယူအင်(နှ)၊နိုင်ငံတကာအဖွဲ့အစည်းများနှင့် အခြားပြင်ပ အဖွဲ့အစည်းများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
	စုစုပေါင်း	၂၁၂	၁၀၀%	၆၆၇	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာ၏ အဓိက အသက်မွေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး တောင်သူများသည် လယ်နှင့် တောင်ယာ ပူးတွဲလုပ်ကိုင်ကြသည်။ လယ်မြေဧက ပိုင်ဆိုင်မှုနည်းသောသူများသည် ကိုယ်ပိုင် စိုက်ပျိုးခြင်းမှ ရရှိသောဝင်ငွေမှာ မလုံလောက်သောကြောင့် ကျပန်းလုပ်ကိုင်ကြသည်။ ကျပန်း လုပ်ကိုင်ရာတွင်လည်း အလုပ်အကိုင်အခွင့် အလမ်း နည်းပါးမှုကြောင့် ပုံမှန်ဝင်ငွေမရှိကြပါ။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပန်းရံနှင့် ဆိုင်ကယ်တက္ကစီမောင်း လုပ်ငန်းများသည် ကျေးရွာ၏ အဓိက ဝင်ငွေရ လုပ်ငန်းများ ဖြစ်သည်။

၃။ ကျေးရွာတွင် မြေယာမဲ့ကျဇန်းသမားဦးရေ ၄ ရှိပြီး ၁.၉%၊ ဆင်းရဲသောတောင်သူနှင့် တောင်သူငယ် (၈၂) ဦးမှာ စိုက်ပျိုးရေးလုပ်ငန်းခွင်၊ မွေးမြူရေးနှင့် အခြား ပန်းရံ၊ လက်သမား၊ တက္ကစီမောင်း၊ ဈေးရောင်းစသဖြင့် လုပ်ငန်းမျိုးစုံဖြင့် အသက်မွေးကြသည်။

၄။ အထက်ပါဧယားတွင် လုပ်သားအင်အားမှာ ၆၆၇ ဖြစ်ပြီး အိမ်ထောင်စုအရေအတွက်ထက် ပိုများနေရခြင်းမှာ တအိမ်ထောင်ချင်းစီမှ မိသားစုဝင်တဦးထက်ပို၍ မိသားစုဝင်ငွေနှင့် စားဝတ်နေရေးအတွက် အလုပ်လုပ် ကြရသောကြောင့် ဖြစ်သည်။

၅။ လယ်ယာစိုက်ချိန် ရိတ်ချိန်တွင် အလုပ်ပေါပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။

၁.၃ သဘာဝ အရင်းအမြစ်များ

၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ်(ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁၀၀	သင့်	အနည်းငယ်	နွားလဝိုးဆည်
ယာမြေ	၁၂၄၀	သင့်	မရ	မိုးရေ
ဥယျာဉ်ခြံမြေ	-	-	-	-
အိမ်ခြံဝင်းစိုက်ခင်း	၁၅	သင့်	မရ	မိုးရေ
ရွှေပြောင်းတောင်ယာ	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
သစ်တောမြေ	၃၁၈	ကောင်း	မရ	မိုးရေ
စုစုပေါင်း	**၄**	**ကောင်း**	**မရ**	**မိုးရေ**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ လယ်ပိုင်တောင်သူမှာ ၂၀၈ ဦးခန့်နှင့် လယ် (၁၀၀) ဧကသာရှိပြီး တောင်သူတဦးပျမ်းမျှ လယ်မြေ (၀.၅) ဧက၊ ယာမြေ (၁၂၄၀) ဧက၊ ပျမ်းမျှ (၆) ဧက ပိုင်ဆိုင်သည်။ စုစုပေါင်းစိုက်ပျိုးမြေ ၁ ဧက ရှိသည်။

၂။ လယ်မြေသည် နွားလဝိုးဆည်နှင့် နီးသော်လည်း စိုက်ချိန်အမှီရေမရရှိ၊ နွားလဝိုးဆည်မှာ ၂၀၁၄ ခုနှစ်တွင် ပြန်လည်ပြုပြင်ပြီးနောက်ပိုင်း ရေမနေသဖြင့် စိုက်ပျိုးရေအလုံအလောက်မရရှိတော့ပါ။ စပါးသီးနှံတစ်သီးသာ စိုက်ပျိုးနိုင်ပြီး မိုးကောင်းမှသာ စိုက်ပျိုးနိုင်ပါသည်။

၃။ ယာမြေတွင် ပြောင်းနှင့် ပဲစဉ်းငုံ၊ မြေပဲ သီးနှံများ အများ ဆုံး စိုက်ပျိုးကြသော်လည်း ရာသီဥတုမကောင်းခြင်း (မိုးခေါင်ခြင်း)၊ မြေဆီလွှာပျက်သုန်းခြင်းကြောင့် မျှော်မှန်း သီးနှံအထွက် နှုန်း မရရှိကြပါ ။

၄။ ဟင်းသီး/ရွက်ကိုလည်း စိုက်ပျိုးရေမရှိသောကြောင့် အိမ်ခြံဝန်းအတွင်း မိမိစားသုံးရန်လောက် သာ စိုက်ပျိုးနိုင်သည်။

၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)**
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ။	လက်လှမ်းမမှီ
ဓါတ်သတ္တု(ကျောက်၊ သဲ)	သဲကျောက်များရနိုင် (များ)	လွယ်ကူ
အခြားသဘာဝအရင်းအမြစ်		
တိရိစ္ဆာန်မျိုးစိတ်များ	များ	လွယ်ကူ
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ	လွယ်ကူ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် သဘာဝတောတောင်များရှိခြင်းကြောင့် သစ်၊ ဝါးနှင့် သစ်တောထွက်ပစ္စည်းများ လူနှင့်တိရိစ္ဆာန် အစာများ လွယ်လင့်တကူရရှိသည်။

၂။ သဲကျောက်များလည်း လွယ်လင့်တကူရရှိကြသည်။

၃။ မှို၊ မျှစ်နှင့် တောထွက်ပန်းများ၊ ဇရစ်၊ တောထွက်ဟင်းသီးဟင်းရွက်နှင့် ဆေးဖက်ဝင်ပင်အချို့ကို ရှာဖွေသုံးစွဲ ရောင်းချစားသောက်ကြသည်။

၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ် (၂–၄) ဧက အထက်၊ ယာ (၁၀–၁၅) ဧက အထက်	လယ် (၀ မှ ၂) ဧက အကြား။ ယာ (၅မှ၁၀)ဧကအကြား	ယာ (၃ မှ ၅) ဧကအကြား	ယာ (၀ မှ ၂) ဧကအကြား
အိမ်အခြေအနေ	တိုက်အိမ်၊ပျဉ်ခင်း/ကွန်ကရစ်ခင်း၊သွပ်မိုး၊(၁)ထပ်၊(၂)ထပ်	သွပ်မိုး၊ပျဉ်/ထရံကာ၊ပျဉ်ခင်း၊ ကျဉ်တွယ်အိမ်	သက်ကယ်၊ ဝါးထရံကာ၊ ဝါးကြမ်းခင်း	ဖက်မိုး၊သက်ကယ်/ဝါးထရံကာ၊ မြေစိုက်
လုပ်ငန်းသုံး ကိရိယာပိုင်ဆိုင်မှု	လက်တွန်းထွန်စက်၊ထော်လာကျီ၊ ရေတင်စက်၊ခိုင်းနွား၊ လှည်း၊မြက်ဖြတ်စက်၊ ဆေးဖြန်းပုံး။	ခိုင်းနွားတစ်ရှဉ်း၊ လက်တွန်းထွန်စက်၊ လှည်း။	နွားနှင့်လှည်း။	ပလိုင်း၊ ပေါက်တူး၊ ပေါက်ပြား၊ ခါး၊ ခါးကောက်စသည်။
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ်၊ ထော်လာကျီ၊ ဖုန်း ၂ လုံး၊ ဆိုလာ၊ တီဗီ/အီးဗီဒီ	ဖုန်း၂လုံး၊ ခေါက်တီဗီ၊ စက်ဘီး၊ ဆိုင်ကယ်၊ ဆိုလာဆိုက်သေး။	ဆိုင်ကယ်ဟောင်း၊ စက်ဘီး၊ ဖုန်း ၁ လုံး၊ ခါတ်ခဲမီးချောင်း၊ ဆိုလာဆိုဒ်သေး။	စက်ဘီး၊ ဆိုင်ကယ်ဟောင်း၊ ခါတ်ခဲမီးချောင်း
အဓိကစီးပွားရေးလုပ်ငန်း၊ တနှစ်ဝင်ငွေ	၂၅ မှ ၄၀ သိန်းအကြား	၁၀ မှ ၂၅ သိန်းအကြား	၅ မှ ၁၀ သိန်းအကြား	၂ မှ ၅ သိန်းအကြား
အိမ်ထောင်စုပေါင်း ၂၁၂	၂၁ (၁၀%)	၅၃ (၂၅%)	၇၄ (၃၅%)	၆၄ (၃၀%)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာ၏ ၆၅% (၃၅% + ၃၀%) (၁၃၈) အိမ်ခန်းမှာ ဆင်းရဲ၍ အဆင်မပြေသော အိမ်ထောင်စုများဖြစ်ပြီး မြေ ယာမဲ့ကျဇန်းများ၊ တောင်သူငယ်များပါဝင်သည်။

၂။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် လယ်ယာသုံးစက်ကရိယာပိုင်ဆိုင်မှုမှာ အရေးပါ သည် ကို တွေ့ရသည်။

၃။ မြေယာမဲ့ (၄) အိမ်နှင့် ပိုင်ဆိုင်မှုနည်းပြီး အငှားလိုက်စားရသည်။ တောင်ယာနည်း အိမ်ထောင်စုကို အဆင့်-၄ ဟုသတ်မှတ်သည်။ ကျေးရွာငွေကြေးရံပုံငွေ ကောက်ခံရာတွင် ဝမ်းစာဖူလုံမှုနှင့် မိသားစုလုပ်အား ဝင်ငွေ ပေါ်မူတည်ဆုံးဖြတ်ကြသည်။ အဆင့် ၁= ၂၁ အိမ် ၊ အဆင့် ၂ = ၅၃ အိမ် ၊ အဆင့် ၃ = ၇၄ အိမ် ၊ အဆင့် ၄ = ၆၄ အိမ်။ ကျေးရွာသားများကိုတိုင် ပါဝင်ဆုံးဖြတ်သည့် ဓနဥစ္စာခွဲခြားသတ်မှတ်မှုအရ အိမ်ခြေ (၁၃၈) (၆၅%) မှာ ဆင်းရဲသားများဖြစ်ပြီး ၁၀% မှာ ပြေလည်၊ ၂၅% မှာ အလယ်အလတ် လူတန်းစားများ ဖြစ်ကြသည်။

၁.၅ ထိခိုက်လွယ်မှု

၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၉၂	၄၃.၄	လုပ်အားကြိုရောင်းအကြွေးယူ။တနေ့လုပ်တနေ့စား။ လုပ် အားခရမှလိုသလောက် ဂယ်စားကြရသည်။ ဝင်ငွေမရှိသည့်အချိန်တွင် အကြွေးယူ၍ စားသုံးကြ ရသည်။
၃ လနှင့် ၅ လအထိ	၄၅	၂၁.၂	တောင်ယာ စိုက်ခင်းမှ ရသည်။ ကျန်လများတွင် ကျပန်း လုပ်ကိုင်စားသောက်ကြရသည်။
၆လမှ၁၂လအထိ	၇၅	၃၅.၄	ဆွေမျိုး၊ မိတ်ဆွေများထံမှ ချေးယူ စားသုံးကြသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ၃ လအောက် ဝမ်းစာဖူလုံသူများမှာ ကျပန်းသမားများနှင့် ဆင်းရဲသောတောင်သူ၊ တောင်သူငယ်များ ဖြစ်သည်။ ကျေးရွာမိသားစု၏ ၉၂ အိမ်ထောင်စု ၄၃.၄% ရာခိုင်နှုန်းမှာ နေ့စားလုပ်အားခ သို့မဟုတ် အကြွေးယူခြင်းနှင့် လုပ်အားကြိုရောင်းခြင်း၊ တပိုင်တနိုင် မွေးမြူရေးလုပ်ခြင်းဖြင့် ဖြေရှင်းကြသည်။ ရရှိလာသော ဝင်ငွေများဖြင့် တစ်နေ့စာတစ်နေ့ ဝယ်စားကြသူများလည်းရှိသည်။ အလုပ်မရှိသောလများတွင် အလုပ်ဖြင့်ကြိုယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူ၍ စားသုံးရသူများလည်း ရှိသည်။

၂။ ကျေးရွာတွင် မြေယာမဲ့ (၄) ဦးနှင့် အများစုမှာ ဆင်းရဲသားတောင်သူနှင့် တောင်သူငယ် ၅ ဧကအောက် ၈၂ ဦး (၄၀.၆%) ရှိပြီး ၎င်းတို့မှာ မွေးမြူရေး၊ ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ စသည်နည်းမျိုးစုံဖြင့် ဝင်ငွေရှာပြီး ဝမ်းစာမဖူလုံမှုကို ဖြေရှင်း ကြသည်။

၃။ စိုက်ပျိုးမြေ ၁.၅ ဧကအထက် ပိုင်ဆိုင်သူ (၁၉) အိမ်ထောင် (၉%) သာ တနှစ်ပါတ်လုံး ဝမ်းစာဖူလုံမှုရှိသည်။

၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖြဴနှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	-	-	-
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိ	-	-	-
				အိမ်ထောင်စုအရေအတွက်
အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ			၁၆
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ			-
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြောမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသူ			-

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ ((၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုမှာ (၁၆) အိမ် (၇.၅%) ရှိပြီး စားဝတ် နေရေး အခက် အခဲရှိကြသည်။

၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
စီးပွားရေး			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	အခြေခံဆင်းရဲသားလူတန်းစားများအတွက် စားနပ် ရိက္ခာမဖူလုံမှု ရှိသည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်	မိုးရေသောက်စနစ်ကိုအမှီပြုနေရသဖြင့် စိုက်ပျိုးရေ များစွာ အခက်အခဲရှိသည်။
ကျန်းမာရေး			
၃	ငှက်ဖျားရောဂါ	လတ်	ငှက်ဖျားရောဂါ အဖြစ်များသည်။
၄	တီဘီရောဂါ	နိမ့်	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၅	ကိုယ်ခံအားကျဆင်းမှု ရောဂါ	မရှိ	
လူမှုရေး			
၆	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ ပြောင်းခံရသူများ (IDP)	နိမ့်	
၇	လူကုန်ကူးခြင်း	မရှိ	
၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်	နိမ့်	ကျေးရွာမှာ ကားလမ်းမှ ၂ မိုင်ခန့် မြေသားလမ်းဖြစ် သော်လည်း လွိုင်ကော်နှင့် ခရီးမဝေးဘဲ အချိန်မရွေး သွားလာနိုင်သည်။
ပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်			
၉	ရေကြီးခြင်း	နိမ့်	တောင်ယာစိုက်ခင်းများသည်။
၁၀	မိုးခေါင်ခြင်း	လတ်	ရာသီဥတုမမှန်ခြင်း၊မိုးရွာနည်း၊ ၃ နှစ်ဆက်တိုက် မိုး ခေါင်ခဲ့သည်။
၁၁	မုန်တိုင်း	နိမ့်	
၁၂	ငလျင်	နိမ့်	
၁၃	မီးဘေး	နိမ့်	
၁၄	ဆားငံရေဝင်မြေ	နိမ့်	
၁၅	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်း မှု	မြင့်	မြေဆီလွှာထိန်းသိမ်းမှု စနစ်မရှိသောကြောင့် မြေဆီလွှာ ခမ်းခြောက်မှုများစွာ ရှိသည်။
၁၆	သစ်တောပြုန်းတီးခြင်း	လတ်	သစ်ဝါးထုတ်လုပ်သုံးစွဲ၊ တောင်ယာစိုက်ခင်းတိုးချဲ့ ခြင်းများပြီးထိန်းသိမ်းမှုအားနည်းသည်
၁၇	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ ((၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ဝမ်းစာမဖူလုံခြင်း၊ သဘာဝအရင်းအမြစ်ရှားပါးခြင်း၊ သစ်တောပြုန်းတီးခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာတိုက်စားခြင်းတို့သည် ထိခိုက်လွယ်မှု မြင့်သည်။

၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	လတ်	ပြင်ပဗဟုသုတအားနည်း၊ အလုပ်အကိုင် အခွင့်အလမ်း အားနည်းသည်။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	ဝမ်းစာအခက်အခဲရှိ။ဝင်ငွေနည်းသည်။

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	လတ်	သီးနှံ အထွက်နည်းပြီး ဂမ်းစာဖူလုံမှု မရှိ၊
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျ ရောက်နိုင်သောဒေသ/ကူးစက်ရောဂါ ထူပြောသော ဒေသတို့တွင် နေထိုင်သူများ	မရှိ	
၅	မြစ်ကမ်းဘေးနေလူထု	မရှိ	
၆	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	မရှိ	
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)	မရှိ	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	မိုးကြီးလျှင်ရေတိုက်စားမှု တခါတရံ ဖြစ်
၉	ငါးကန်ပိုင်ရှင်	နိမ့်	မိုးရေခန်းခြောက်ခြင်းကြောင့် ငါးမမွေးနိုင်။ သွင်းရေလည်းမရနိုင်ပါ။
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	ဂဠင်ငွေပုံမှန်မရရှိ (မိသားစုကျန်းမာရေး လူမှုရေး)
၁၁	လူနည်းစုလူမျိုးများ	မရှိ	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေသူများ	နိမ့်	စိမ်းစိမ်းရေသွယ်ပိုက်ဧရိယာတွင် တခါတရံ ဖြစ်တတ်သည်။
၁၃	နယ်စပ်ဒေသတွင်နေသူများ	-	
၁၄	ရွှေတွင်းလုပ်သား	-	
၁၅	ဆေးစွဲသူများ	-	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	-	
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	လတ်	အရင်းအနှီး ငွေကြေးပြဿနာရှိ။ အတိုးနှုန်းကြီး၊ အမြတ်နည်းသည်။
၁၈	ရွှေ့ပြောင်းလုပ်သားများ	-	
၁၉	ကားသမား	-	
၂၀	အခြား	-	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲသား တောင်သူများ၊ ကျဗန်းများသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့် ထိခိုက်လွယ်ဆုံးမိသားစု၊ အုပ်စုများ ဖြစ်သည်။

၂။ လှည့်လည် ဈေးရောင်းသူများသည်လည်း ထိခိုက်လွယ်မှု ခံစားရခြင်း အသင့်အတင့်ရှိသည်။

၂။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသော မူဝါဒ ချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ဓနရွှေအိုး	၂ - ၃	၁၃	၁၁	၂၄	ကျန်းမာရေး၊ ပညာရေး၊လူမှုရေး၊ ဘာသာရေး	၄	၆
၂	ကျေးရွာမီး လင်းရေး ကော်မတီ	၂	၁၀		၁၀	ကျေးရွာမီးလင်း ရေး ရုံပုံငွေ	၄	၆
၃	ကျောင်းအကျိုး တော်ဆောင် အဖွဲ့	၂	၁၀	၁	၁၁	ပညာရေး	၄	၇
၄	ဂေါပကအဖွဲ့	၃	၂၀		၂၀	သာရေး - နာရေး	၄	၆

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာမှာ ငယ်သော်လည်း အဖွဲ့အစည်းပေါင်း ၄ ဖွဲ့ရှိသည်။

၂။ ၎င်းအဖွဲ့ ၆ ဖွဲ့သည် ကျေးရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာ၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသောအဖွဲ့များဖြစ်သဖြင့် ပြင်ပမှ လာရောက်ဖွဲ့ပေးသောအဖွဲ့များထက် ပိုမိုတောင့်တင်းပြီး လုပ်ငန်းလည်ပတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဦးဆောင်မှု၊ စည်းရုံးမှု၊ အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်မှု၊ ရေရှည်တည်တံ့မှု ပိုမို ကောင်းမွန်သည်။

၃။ အဖွဲ့အစည်းစီမံခန့်ခွဲမှု၊ M&E၊ လူငယ်ပါဝင်မှု၊ အမျိုးသမီးပါဝင်မှုအားနည်း။ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်သည်။ ၁ လ ၂ ကြိမ် ငွေစုသည်။ အလှူရှင်စေတနာပါသူကစူးစူးနဲ့စုပြီး တစ်နှစ်ကြာလျှင် ဓနရွှေအိုးအဖွဲ့ကို လှူဒါန်း၊ ၁၀၀၀၀ ကျော်ပါက အဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းပေးသည်။

၄။ မီးလင်းရေးကော်မတီ ရန်ပုံငွေ သိန်း ၃၀၀ ခန့်ရှိပြီး စိုက်ပျိုးစရိတ်ထုတ်ချေးပေး (၃% အတိုး)၊ ၄င်းငွေအား CB နှင့် KBZ တွင် တဝက်စီအပ်ထား ယခုနှစ်တွင် မီးလင်းရေးအတွက် အသုံးပြုထားသည်။

၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ နှင့် အစီအစဉ်
၁	ဒိန်းမတ်ဒီအာစီ	၂	ကျေးရွာခန်းမဆောင်ဆောက်လုပ် ပေးသည်။ နွမ်းပါး အိမ်ထောင်စု ၇၈ စုအတွက် ရောင်းယ်ရေး မွေးမြူရေး ထောက်ပံ့ထားသည်။
၂	မာလင်	၂	၄ာက်ဖျားတိုက်ဖျက်ရေး၊ ကိုယ်ဝန်ဆောင်နှင့် ၅နှစ်အောက်ကလေး ကျန်မာရေးစောင့်ရှောက်မှု ပြုလုပ်သည်။

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ နှင့် အစီအစဉ်
၃	ကြက်ခြေနီ+ ရန်ကုန်ကရင် နှစ်ခြင်း +လူမှု ဝန်ထမ်း	၂ - ၆	၁၈ နှစ်အောက်ကလေးသူငယ်များ စောင့်ရှောက်ရေးနှင့် ပညာပေး ခြင်း။
၄	ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန	၄	လမ်း-တံတား-ရေ-မီး ပြုပြင်မွမ်းမံ ဆောက်လုပ် ပေးသည်။
၅	ဓမ္မစကူး - တနင်္ဂနွေ ဝတ်ရွတ်အသင်း	၁	ကလေးသူငယ်များကိုယဉ်ကျေး လိမ္မာစာပေ၊ ဗဟုသုတ နှင့် ဗုဒ္ဓတရားတော်များ သင်ကြားပေးသည်။
၆	ပအို့စာပေနှင့် ယဉ်ကျေးမှု အဖွဲ့	၃	ကလေးသူငယ်များအား ပအို့စာပေ နှင့် ယဉ်ကျေးမှု များအား သင် ကြားပေးသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာသူ/သားများသည် အစိုးရဌာနအချို့နှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် ဆောင် ရွက်မှုရှိသည်။

၂။ ပအို့စာပေတွင် ကလေးငယ်များကိုသာ သင်ကြားပေးပြီး ကျေးရွာရှိလူငယ်များကိုလည်း

ထည့်သွင်း စဉ်စားပေးဖို့ လိုအပ်သည်။ လူငယ်များပါဝင်လာစေရန် အားပေးပြီး လူငယ်စွမ်းရည်မြှင့် သင်တန်းများ (English & Computer) လိုအပ်သည်။

၂.၂ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

၂.၂.၁ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄	၁.၉%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက် (၁ဟတ်တာထိ)	၁၈	၈.၅%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၆၄	၃၀.၂%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၁၀၇	၅၀.၅%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၁၉	၉%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၂၁၂**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ဥစ္စာအဆင့် ၃ နှင့် ၄ တွင်ရှိသော မိသားစုများမှာမြေယာမဲ့နှင့် ၅ ဧကအောက် တောင်သူငယ်များ ဖြစ်ပြီး ၈၆ ဦး (၄၀.၆%) ခန့်ရှိသည်။ ၎င်းတို့မှာ လယ်ယာလုပ်ငန်းခွင်တွင်၄င်း အရောင်းအဝယ်၊ လက်သမားပန်းရံ၊ ကျဗန်း၊ နေ့စားအဖြစ် လုပ်ကိုင် စားသောက်ကြသည်။

၂။ ၁၂၆ အိမ်ထောင်စုမှာ လယ်နှင့်ယာကို ၅ ဧကအထက်ပိုင်ဆိုင်လုပ်ကိုင်ကြ ပြီး ၆ လအထက် ဝမ်းစာ ဖူလုံကြသည်။

၃။ ပြေလည်နှင့် အလယ်အလတ်အဆင့်ရှိသူများသာ လယ်မြေနှင့် စိုက်ပျိုးရေးသုံး စက်ကိရိယာများကို ပိုင်ဆိုင်ပြီး ဝမ်းစာဖူလုံမှုရှိသည်။

၄။ စိုက်ပျိုးမြေ မြေယာပိုင်ဆိုင်မှု များတွင် လယ်၊ ယာနှင့် အိမ်ခြံကို ပေါင်းထားခြင်း ဖြစ်ပါသည်။

၅။ မြေယာမဲ့အိမ်ထောင်စုနည်းသော်လည်း လယ်မြေ စုစုပေါင်းမှာ (၁၀၀) ဧကသာရှိသဖြင့် ပျမ်းမျှ လယ်ပိုင်ဆိုင်မှုမှာ (၀.၄၇) ဧကသာရှိပြီး၊ ယာမြေပိုင်ဆိုင်မှုမှာ ပျမ်းမျှ (၅.၈) ဧက ရှိသည်။ လယ်မြေမှာလည်း ဆည်ရေ မရရှိခြင်းနှင့် ယာမြေမှာ မိုးခေါင်သဖြင့် သီးနှံထွက်နှုံးနည်းသည်။ ဝမ်းစာဖူလုံမှု မရှိကြပါ။

၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့်ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု(တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်	နွားလဝိုးဆည်	၁၀၀	မိုးကောင်းမှရေရရှိသည်။ ဆည်မကောင်းပါ ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ယခင်က နွားလဝိုးဆည်မှ ရေဖြင့်လယ်များကို စိုက်ပျိုးကြသည်။ ၂၀၁၄ ခုနှစ်တွင် နွားလဝိုးဆည်ကို ဆည်မြောင်းဦးစီးဌာနမှ ပြုပြင်ပြီးနောက်ပိုင်း ယခုထိ ဆည်ရေမပြည့်သောကြောင့် ဆည်ရေ မရနိုင်ပါ။ မိုးရေကိုသာ အားကိုးကြရသည်။

၂။ ကျေးရွာအတွင်းသို့ ရေလွှဲဆည်မှ ရေသွယ်ယူရရှိလျှင် စိုက်ပျိုရေးတွင် အဆင် ပြေမည်။

၃။ ကျေးရွာ အနောက်ဘက် ရွာထိပ်တွင် ၄ ဧကခန့် ရေကန်အဟောင်းကို ပြန်လည်ပြုပြင်လျှင် ရေရှားသော ရာသီတွင် အိမ်ခြံဝင်းအတွင်း သီးနှံစိုက်ပျိုးခြင်းနှင့် လူသုံးရေ၊ တိရိစ္ဆာန်သောက်သုံးရေ ရရှိနိုင်သည်။

၄။ ယာသီးနှံများတွင် မိုးရေကိုသာ အားကိုး စိုက်ပျိုးကြရသည်။

၂.၂.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံ စိုက်ပျိုးသည့် ကာလ	သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၁၀၀	တင်း	၄၀	၅၀	၄၅	ဩဂုတ်လမှ ဒီဇင်ဘာလထိ ၅ လ	လတ်	နိမ့်	ကုန်ကျစရိတ်သင့် အမြတ်နည်း။

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံ စိုက်ပျိုးသည့် ကာလ	သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ် /မြင့်)	မှတ်ချက်
			အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ				
ပြောင်း	၁၁၀ ၀	ပိဿာ	၃၀၀	၇၀၀	၅၀ ၀	မေမှ နိဝင် ဘာထိ ၇ လ	မြင့်	နိမ့်	ကုန်ကျ စရိတ်များ ပင်ငွေနည်း
မြေပဲ	၁၄၀	တင်း	၃၀	၄၀	၃၅	ဇူလိုင်မှ နိဝင် ဘာထိ ၅ လ	နိမ့်	မြင့်	ပင်ငွေရရှိ မှုများ စိုက် သူနည်း
ပဲစဉ်းငုံ		တင်း	၃	၄	၃.၅	မေမှ ဖေဖေါ် ဝါရီ ၉ လ	နိမ့်	လတ်	ပြောင်းနှင့် ရောစိုက် သည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ မိရိုးဖလာ စိုက်ပျိုးနည်းအသုံးပြုခြင်း၊ မျိုးသန့်စင်မှုမရှိခြင်းနှင့် ပြောင်းဖူးစေ့နှိမ်ခံရခြင်း၊ အထွက်နှုန်းနည်း ခြင်းနှင့် နည်းပညာလိုအပ်ချက်ရှိသဖြင့် ပြောင်းစိုက်ပျိုးမှုတွင် အရှုံးပေါ်သည်။ မြေဆီလွှာပျက်စီးမှုရှိသည်။

၂။ ပြောင်းအစား နှမ်း (သို့) တခြားသီးနှံပြောင်းလဲစိုက်ရန် စိတ်ဝင်စား သီးနှံမျိုးကောင်းမျိုးသန့် နည်းပညာ အရင်းအနှီး လိုအပ်ကြသည်။

တောင်သူ(၂၀၈)ဦးရှိ၍ တစ်ဦးလျှင် ပျမ်းမျှလယ်ဧက(၈)ဧကနှုန်းပိုင်ဆိုင်ပြီး စိုက်ပျိုးမြေ စုစုပေါင်း (၁၃၅၅) ဧက (လယ် ၁၀၀ ဧက၊ ယာ ၁၂၄၀ ဧက နှင့် အိမ်ခြံဝင်းစိုက်ခင်း ၁၅ ဧက) ရှိပါသည်။

စပါးသီးနှံ

ကျေးရွာ၏ စပါးသီးနှံ စိုက်ဧကမှာ (၉၆) ဧကခန့်ဖြစ်ပါသည်။ အများစုမှာ လုံးပုဖင်မည်းနှင့် ရွှေရင်အေး စပါးမျိုးများကိုစိုက်ပျိုးပါသည်။ နွားလပိုးဆည်ရှိသော်လည်း ရေခမ်းခြောက်နေ သောကြောင့် နှစ်စဉ်ရွာသွန်းသော မိုးရေကို အဓိကထား စိုက်ပျိုးပြီး စိုက်ချိန်မှာ သြဂုတ်လဖြစ်ပြီး ဒီဇင်ဘာလတွင် ရိတ်သိမ်းပါသည်။ မိုးကောင်းသောက်လယ်မြေဖြစ်သောကြောင့် အထွက်နှုန်းမှာ (၄၀-၅၀) တင်းဖြစ်ပါသည်။ မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးလိုကြသည်။ မျိုးစေ့ဈေးမှာ တစ်တင်း လျှင် (၅၀၀၀) ကျပ်ဖြစ်ပြီး တဧကအတွက် မျိုးစေ့ (၂) တင်းနှုန်းဖြစ်ပါသည်။ ပျိုးသက် (၃၀) ရက် တွင် ရွှေ့ပြောင်း စိုက်ကြသည်။ ကောက်စိုက်ခ တဧက ၂၈၀၀၀ ကျပ်၊ ပျိုးနှုတ်ခ ၂၈၀၀၀ ကျပ်၊

မြေပြင်ခ ၄၅၀၀၀ ကျပ်၊ ခါတ်မြေဩဇာဖိုး ၄၁၀၀၀ ကျပ်၊ ရိတ်ခ တဧက ၈၀၀၀၀ ကျပ်ကုန်ကျသည်။ တဧက ကုန်ကျစရိတ် ၂၂၂၀၀၀ ကျပ်ကုန်ကျပြီး ထွက်ရှိသီးနှံ တန်ဖိုးမှာ ၂၀၀၀၀၀ ကျပ်ဖြစ်သည်။ ခြွေလှေကို လူအားဖြင့်လုပ်ကိုင်လေ့ရှိကြသည်။ ထို့ကြောင့် စပါးစိုက်ပျိုးရေးမှ အရှုံးပေါ်လျှက်ရှိသည်။

ယာစပါးသီးနှံ

ယာစပါးကို တောင်သူ (၂၀၈) ဦးမှ (၅၀) ဧကခန့်ကို စိုက်ပျိုးကြသည်။ ဒေသတောင်ယာစပါးမျိုးကို သာ အသုံးပြုကြပြီး တဧက မျိုးစပါး (၄) တင်းခန့် စိုက်ပျိုးကြသည်။ တောင်ယာစပါးတတင်းလျင် (၆၀၀၀) ကျပ်ဖြစ်ပြီး ထွက်နှုံးမှာ တဧက (၃၀) တင်းထွက်သည်။ တဧက ကုန်ကျစရိတ်မှာ ၂၃၀၀၀၀ ကျပ်ဖြစ်ပြီး ထွက် သည့် သီးနှံတန်ဖိုးမှာ ၁၈၀၀၀၀ ကျပ်ဖြစ်သဖြင့် အရှုံးနှင့် ရင်ဆိုင်နေကြရသည်။

ပြောင်းဖူးစိုက်ပျိုးခြင်း

ကျေးရွာ၏ ယာမြေ (၁၁၀၀) ဧကတွင် အဓိက စီပီ (၈၈၈) ပြောင်းဖူးကို စိုက်ပျိုးကြသည်။ စိုက်ပျိုးချိန်မှာ မေလနှင့်ဇူလိုင်လအတွင်း စိုက်ပျိုးပြီး အောက်တိုဘာနှင့်ဇန္နဝါရီလအတွင်း ရိတ်သိမ်းကြသည်။ ပြောင်း ဖူးထွက်နှုံးမှာ တဧကလျင် အနည်းဆုံး ပိဿ (၃၀၀)မှ (၇၀၀) အထိ ထွက်သည်။ ရောင်းဈေးမှာ ပြောင်းဖူးစေ့ တပိဿလျင် (၃၀၀) ကျပ် ဖြစ်ပြီး တစ်ဧကဝင်ငွေ (၉၀၀၀၀ ကျပ်မှ ၂၁၀၀၀၀) ကျပ်ခန့် ရရှိပါသည်။ တဧက ကုန်ကျစရိတ်မှာ ပြောင်းဖူးမျိုးစေ့ တထုတ် ၂၀၀၀၀၊ မြှားကမ္ဘာကွန်ပေါင်းမြေဩဇာ ၃၂၀၀၀၊ ပုလဲ ၂၅၀၀၀၊ စိုက်ခ ၃၀၀၀၀၊ ထွန်ယက်ခ ၃၄၀၀၀၊ မြေရှင်းခ ၁၅၀၀၀၊ ရိတ်သိမ်းခ ၅၀၀၀၀၊ ပေါင်းရှင်း အလုပ်သမားခ ၂၈၀၀၀၊ စုစုပေါင်း ၂၃၄၀၀၀ ကျပ်ဖြစ်သည်။ တဖြည်းဖြည်း မြေဆီလွှာ ခမ်းခြောက်လာမှုကြောင့် တနှစ်ထက် တနှစ် တောင်သူများ အရှုံးပေါ် လျက်ရှိကြသည်။

ပဲစဉ်းငုံသီးနှံ

ပဲစဉ်းငုံအနီမျိုးကို သီးခြားစိုက်ပျိုးလေ့မရှိဘဲ ပြောင်းဖူးနှင့် ရောနှော၍ သီးရောစိုက်ပျိုးလေ့ရှိကြသည်။ တဧက မျိုး (၄) ပြည်ခန့် စိုက်ပျိုးလေ့ရှိပြီး တဧက ပျမ်းမျှ ၃.၅ တင်းထွက်သည်။ ပြောင်းဖူးနှင့် တွဲဖက်စိုက်သောကြောင့် သီးခြားသွင်းအားစုကုန်ကျမှုမရှိဘဲ ဈေးကွက်ကောင်း၊ ဈေးကောင်းရရှိပြီး အကျိုးအမြတ်ရှိသည့် သီးနှံဖြစ်သည်။ တပိဿတန်ဖိုးမှာ ၁၃၀၀ ကျပ်ဖြစ်ပြီး တတင်းတန်ဖိုးမှာ ၂၀၀၀၀ ကျပ်ဖြစ်သည်။ မေလတွင် စတင်စိုက်ပျိုးလေ့ရှိပြီး နောင်နှစ် ဖေဖော်ဝါရီလတွင် ရိတ်သိမ်းရသောကြောင့် သီးနှံသက်တမ်းမှာ ၉ လ ကြာ မြင့်သည်။

မြေပဲသီးနှံ

မြေပဲကို တောင်ယာတွင် ဧက (၃၀) ခန့် အနည်းအကျဉ်းသာ ပင်ထောင်မျိုးကို စိုက်ပျိုးလေ့ရှိသည်။ တဧကအတွက် မျိုးစေ့ တတင်းကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ ထွက်နှုန်းမှာ တဧက ပျမ်းမျှ အတောင့် ၃၅ တင်းနှုံး ထွက်ရှိပြီး တတင်းတန်ဖိုးမှာ (၈၀၀၀ ကျပ်မှ ၉၀၀၀ ကျပ်) ဖြစ်သည်။ တဧကအတွက် ကုန်ကျစရိတ်မှာ ၂၃၅၀၀ ကျပ်ဖြစ်ပြီး ဝင်ငွေမှာ ၃၁၅၀၀၀ ကျပ်ခန့် ဖြစ်သည်။ အမြတ်အစွန်း အနည်းငယ်ရရှိနိုင်ပြီး တောင်သူအနည်းငယ်ကသာ စိုက်ပျိုးလေ့ရှိသည်။

ဟင်းသီး/ရွက်နှင့် ပိန္နဲပင်၊ ငှက်ပျောပင် စသည်တို့ကို အိမ်ဝန်းအတွင်း အနည်းအကျဉ်း စိုက်ပျိုးကြသော်လည်း စီးပွါးဖြစ်၊ ဝင်ငွေရ သီးနှံအနေဖြင့် စိုက်ပျိုးလေ့မရှိကြပါ။

ကျေးရွာသူ/သားများအနေဖြင့် လယ်စပါး၊ ယာစပါးနှင့် ပြောင်းဖူးတို့ကို မိရိုဖလာအရ စိုက်ပျိုးနေကြသော်လည်း စိုက်ပျိုးရေ အလုံအလောက်မရရှိခြင်း၊ ရာသီဥတုဖေါက်ပြန်ခြင်း၊ မြေဆီဩဇာခန်းခြောက်ခြင်း၊ အကျိုးအာနိသင် ထိရောက်မှုမရှိသော ဓါတ်မြေဩဇာများကိုသာ သုံးစွဲနေကြရခြင်း၊ စိုက်ပျိုးနည်းစနစ် အားနည်းခြင်းတို့ကြောင့် အရှုံးနှင့်ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် အထွက်နှုံးကောင်းသော မျိုးကောင်းမျိုးသန့်များ၊ ရေရှည်အတွက် နှစ်ရှည်ပင်စိုက်ပျိုးခြင်းနှင့် စနစ်တကျ စိုက်ပျိုးနည်းတို့ကို လိုအပ်ကြသည်။

၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	၁၁		အဆင့် (၂) ၈၀% ၊ အဆင့် (၁) ၂၀% သုံးစွဲသည်ကို တွေ့ရ သည်။
ရိတ်သိမ်းစက်			
လက်တွန်းထွန်စက်	၇၀		အဆင့် (၁) ၂၄% ၊ အဆင့် (၂) ၄၉% အဆင့်၊ အဆင့် (၃) ၂၆ % လိုအပ်ချက်ရှိသည်။
ခြွေလှေ့စက်			
ရေစုပ်စက်	၁		အဆင့် (၁) တစ်အိမ်သာ ပိုင်ဆိုင်ပြီးကိုယ်ပိုင်သုံးသည်။
ခြေနင်းရေတင်စက်			
မျိုးစေ့ချစက်			
မြက်ရိတ်စက်	၁		လိုအပ်က ငှားရမ်းအသုံးပြုနိုင်သည်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ အဆင့် (၃-၄) လူတန်းစားများမှာ နွားဖြင့်ထွန်ယက် လက်ပေါင်းလိုက်ခြင်းဆောင်ရွက်၊ အိမ်ခြေစုစုပေါင်းအရ အသင့်အတင့်လုံလောက်မှုရှိသည်။

၂။ လယ်ယာသုံးစက်ကိရိယာ မလုံလောက်ခြင်းနှင့် ဌါးရမ်းခ ကြီးမြင့်မှုကြောင့် တောင်သူငယ်များသည် အချိန်မီ မစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် သီးနှံအထွက်နှုံး လျော့နည်းကြသည်။

၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ သြဇာ)	ရှိ	သစ်ငုတ်များရှိ၍ လုပ်ငန်းမတွင်ကျယ် ဖယ်ထုတ်နိုင်ပါက သီးနှံပိုမိုစိုက်လာနိုင်မည်။ မြေတိုးချဲ့နိုင် မြေဆီလွှာ အသင့်အတင့်ရှိ။
ရေအရင်းအမြစ်	မရှိ	မိုးရေကိုသာအားကိုရ ဆည်နှင့်နီးသော်လည်းရေမရ။ လက်ရှိနွားလဝိုး ဆည်ရေမလုံ၊ ရေမနေပါ။ ကောင်းအောင် ပြုပြင်နိုင်ပါ က လက်ရှိလယ်များ ထွက်နှုံးတိုးလာမည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	နွားချေးကိုသာ အသုံးပြုနေကြရသည်။ ပတ်ဝန်းကျင်တွင် သစ်ပင်တော တောင် သဘာဝမြေသြဇာရရှိနိုင်သည်။
သြဂဲနစ်ပိုးသတ်ဆေး	မရှိ	သုံးလေ့သုံးထ မရှိကြပါ။
ချေးငွေရရှိမှု	မရှိ	ယခင်က ကျေးရွာမီးလင်းရေးရုံပုံငွေမှချေးငွေရရှိနိုင်သော်လည်း ယခုအခါ မီးလင်းရေး အသုံးပြုထားသဖြင့် ချေးငွေ မရှိတော့ပါ။
သွင်းအားစုဈေးကွက်	ရှိ	လွိုင်ကော်နှင့်နီး လမ်းပန်းဆက်သွယ်ရေးကောင်းစိုက်ပျိုးရေးဆေးဆိုင်မှ အလွယ်တကူဝယ်ယူရနိုင်သည်။
ဝန်ဆောင်မှုဈေးကွက်	ရှိ	ပိုးမွှားနှင့်မြေဆီလွှာပြဿနာအတွက်Company၊ စိုက်ပျိုးရေးဌာနများနှင့် ချိတ်ဆက်မှုရှိသော်လည်း လုံလောက်မှုမရှိသေးပါ။
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	ရှိ	ရွာအတွင်းရောင်းဝယ်မှုရှိ၊ လွိုင်ကော်ကားလမ်းဘေး၊ ပဒါးညေးဈေး၊ လွိုင်ကော်ဈေး၊ မိုးဖြဲဈေးသို့ သွားရောက်ရောင်းနိုင်သည်။ အိမ်အရောက် ရောင်းဝယ်ယူမှုလည်းရှိသည်။

အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ စပါးစိုက်ပျိုးရေးအတွက် မိုးရေကိုသာအားကိုနေရသည်။ ဆည်နှင့်နီးသော်လည်းရေမရ။ လက်ရှိနွားလဝိုး ဆည်မှာ ရေမလုံပါ၊ ရေမနေပါ။ ကောင်းအောင် ပြုပြင်နိုင်ပါက လက်ရှိလယ်များ ထွက်နှုံးတိုးလာမည်။

၂။ ကျေးရွာတွင် လယ်မြေမှာ အနည်းငယ်သာရှိပြီး ဆည်ရေမရသောကြောင့် ယာကို အဓိကထား လုပ်ကိုင်ကြရသော်လည်း ယာမြေများတွင် သစ်ငုတ်များရှိနေသည်။ ၎င်းတို့ကို ဖယ်ရှားထွန်ယက်နိုင်ပါက သီးနှံအထွက်နှုန်း တိုးလာနိုင်ပါသည်။

၃။ သဘာဝမြေဆွေးအနေဖြင့် စပါးခွံနှင့် နွားချေးတို့ကို သုံးစွဲကြပြီး သဘာဝမြေဆွေး ပြုလုပ်သုံးစွဲနည်းနှင့် မြေဆီလွှာထိန်းသိမ်းနည်း၊ ဘက်စုံပိုးမွှားကာကွယ်နည်းများကို လက်တွေ့အသုံးပြုနိုင်ပါက စိုက်ပျိုးရေးသွင်းအားစု စရိတ်သက်သာပြီး တောင်သူများ အကျိုးအမြတ် တိုးလာနိုင်ပါသည်။

၄။ မြေဆီလွှာပြုပြင် ထိန်းသိမ်းနည်း၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးသုံးဆွဲနည်းများကို ကုမ္ပဏီများမှ ဟောပြောပွဲများ လာရောက်ပို့ချပေးသော်လည်း စိုက်ပျိုးရေးကိုစနစ်တကျ သင်ကြားပေးမှုမရှိ။

၅။ ယခင်က ကျေးရွာမီးလင်းရေးရံပုံငွေမှ ချေးငွေရရှိနိုင်သော်လည်း ယခုအခါ မီးလင်းရေး အသုံးပြုထားသဖြင့် ချေးငွေ မရှိတော့ပါ။ အခြားချေးငွေလည်း မရနိုင်ကြပါ။

၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	မြေဆီလွှာအားနည်း ၊ မြေဩဇာအသုံး ပြုမှုများ၊ ရေရရှိမှု မမှန် မိုးရေကိုသာ အားကိုးရသောကြောင့် တစ်သီးသာ စိုက်ပျိုးနိုင် သည်။
ငွေကြေးအရင်းအနှီး လက်လှမ်းမှီမှု	ရှိ	သင့်တော်သော အတိုးနှုန်းနှင့် ငွေချေးစနစ်မရှိ။ ပြင်ပမှငွေချေးရာတွင် လိုအပ် သည့်အချိန်မှာမရ၊ အချင်းချင်းငွေချေးရာတွင် အများဆုံး ၂၀၀၀၀ ကျပ်အထိ သာ ချေးငွေရနိုင်သည်။ အတိုးနှုန်းများသည်။
သွင်းအားစုတတ်နိုင်မှု	ရှိ	ငွေကြေးအရင်းအနှီးမရှိ။လိုသလောက်မသုံးနိုင်၊ အချိန်မီမသုံးနိုင်။
ကျွမ်းကျင်လုပ်သားရှားပါး မှု	ရှိ	တောင်သူတွေများသော်လည်း အလုပ်သမားရှားပါးသည်။
ဆည်မြောင်းရေရရှိမှု	ရှိ	နွားလပိုးဆည်ရှိသော်လည်း ဆည်ရေမရရှိ။
မိုးရေမလုံလောက်မှု	ရှိ	တချို့နှစ်တွေမှာ မိုးခေါင်သည်။ စိုက်ချိန်မှာ မိုးမရွာ။ မိုးအဝင်နောက်ကျ ပြီး မိုးအထွက်စောသည်။ မိုးရွာသွန်ချိန်နည်းသည်။
စိုက်ပျိုးရေးသွင်းအားစုများ အချိန်မှီအသုံးပြုနိုင်မှု	ရှိ	အချိန်မီ အသုံးမပြုနိုင်ကြပါ။
ဖျက်ပိုးနှင့်ရောဂါ	ရှိ	စပါး ပြောင်း မြေပဲ ပိုးမွှား ရောဂါ ကျရောက်ဖျက်ဆီးမှုရှိ။
နည်းပညာအကူအညီနှင့် နည်းလမ်းများ	ရှိ	စိုက်ပျိုးရေး ကုမ္ပဏီများနှင့် စိုက်ပျိုးရေးဌာနမှ နည်းပညာလာရောက် ပေးမှု မရှိ။

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ဈေးကွက်လက်လှမ်းမှီမှု	မရှိ	လွိုင်ကော်မြို့ဈေး၊ မိုးဇွဲဈေးတို့နှင့် အလွယ်တကူ ဆက်သွယ်နိုင်သည်။ သို့သော်ကုန်သည်ပွဲစား များ၏ ဈေးနှိမ်ခေါင်းပုံဖြတ်မှုကြောင့် သီးနှံ များ ဈေးကောင်းမရဘဲ အရှုံးပေါ်လျက်ရှိသည်။
အစိုးရမူဝါဒနှင့် အစီအစဉ်	ရှိ	ဌာနဆိုင်ရာ ချိတ်ဆက်မှုမရှိ (ဥပမာ ဆည်ရေရှိရေး၊ ပိုးမွှား ပြဿနာ၊ ဈေးကွက်၊)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ မြေယာဖော်ထုတ်နိုင်သော သဘာဝပတ်ဝန်းကျင်ကောင်းများရှိသည်။ ယာမြေများတွင် ဈေးကွက်ဝင်သည့် ဝင်ငွေကောင်းရနိုင်သော သီးနှံများကို စမ်းသပ်ကွက်များပြုလုပ်ပေးခြင်းနှင့် နည်းပညာ များရရှိပါက တောင်သူများ အကျိုးရှိလာနိုင်ပါသည်။

၂။ ဖျက်ပိုးရောဂါများဆိုးဝါးစွာကျရောက်၊ ကာကွယ်နှိမ်နင်းခြင်းများကို ဆေးဆိုင်နှင့် ကုမ္ပဏီများမှ ညွှန်းပေးသော်လည်း နည်းပညာလုံလောက်မှု မရှိသေးပါ။

၃။ စိုက်ပျိုးရေးနှင့်သီးနှံထုတ်လုပ်မှုအတွက် နည်းပညာ၊ မျိုးကောင်းမျိုးသန့် တောင်ယာစိုက်ခင်း ဖော်ထုတ်ခြင်းနှင့် မြေဆီလွှာထိန်းသိမ်းနည်းပညာများ အထူးလိုအပ်သည်။

၄။ ဆည်ရေမရနိုင်သောကြောင့် သီးနှံများ အောင်မြင်မှုမရှိ။ ဆည်မြောင်းပြုပြင်ရန် အစိုးရမူဝါဒ လိုအပ်သည်။

၅။ တောင်သူများအတွက် သင့်တော်သောအတိုးနှုန်းဖြင့် ချေးငွေရနိုင်သော နေရာမရှိကြပါ။

၂.၂.၂ မွေးမြူရေး လုပ်ငန်း

၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွားမြင်းကျဲဝက်ကြက်ဘဲ	၆၃	တောင်ယာလုပ်ကိုင်ရန်အတွက် နွားကိုမွေးကြသည်။

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ

ငါးလုပ်ငန်း
ငါးကန်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ တောင်သူများသည် နွားကို လယ်ယာလုပ်ငန်းတွင် အသုံးပြုရန်နှင့် နွားသားဖေါက်ရောင်းရန် အတွက် အဓိကမွေးမြူကြသည်။

၂။ မိရိုးဖလာနှင့် ရိုးရာယဉ်ကျေးမှုအရ နွားတစ်မျိုးတည်းသာမွေးမြူကြပြီး အခြားတိရစ္ဆာန်များကို မွေးမြူရန် အဟန့်အတားများရှိသည်။ အခြေခံဆင်းရဲသားများမှာ ကြက်၊ ဝက်များကို တပိုင်တနိုင် မွေးမြူကြသည်။

၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	သီးခြားမရှိ။ တောတောင်ပတ်ဝန်းကျင် တောင်ယာစိုက်ခင်းများရှိ။ သီးနှံများ ရိတ်သိမ်းပြီးချိန်တွင်သာ စားကျက်ရှိသည်။
ရေရရှိမှု	ရေရှားပါးသည်။ သို့သော်ရေကန်အဟောင်းအားပြန်ပြင်ပါက ရေရရှိနိုင်သည်။
တိရစ္ဆာန်မျိုး	ရွာအတွင်း ပတ်ဝန်းကျင်ရွာများမှရနိုင်သည်။
ချေးငွေ	လောလောဆယ်တွင်မရှိ ပြင်ပအဖွဲ့အစည်းများမှရရှိနိုင်။
သွင်းအားစုဈေးကွက်	အစာကြမ်းကို ကျေးရွာနှင့် ဆေးဝါးကို လွိုင်ကော်တွင်ရရှိနိုင်။
ဝန်ဆောင်မှုဈေးကွက်	တိ- ကု သင်တန်းသားရှိ - မွမ်းမံသင်တန်းပေးရန်လိုအပ်သည်။
ထုတ်ကုန်ရောင်းဝယ်မှု	လွိုင်ကော်ဈေးကွက်ရှိ။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	အသင့်အတင့်ရှိ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာနှင့်လယ်ပတ်ဝန်းကျင်တွင်လွတ်ကျောင်းနိုင်ပြီး လယ်စပါးမှ ရရှိသော ကောက်ရိုးများနှင့် အစာစိမ်း များပေါများသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရန်အိမ်ခြံဝင်းရှိသည်။ စားကျက်မြေသီးသန့် မရှိသော်လည်း လွတ်ကျောင်းရန်နေရာများရှိပါသည်။ ကောက်ရိုးများလည်းအလွန်ပေါပါသည်။

၂။ ကျေးရွာတွင် နွားကို အဓိကမွေးမြူပါသည်။ နွားကိုခိုင်းနွားအဖြစ်အသုံးပြု၍ စိုက်ပျိုးရေး အတွက် နွားချေးရရှိသောကြောင့် တိုးချဲ့မွေးရန် အလားအလာရှိ။ နွားမွေးမြူရန် စားကျက်၊ ဈေးကွက်၊ ရေ အလုံအလောက်ရှိပြီး အခွင့်အလမ်းကောင်းများရှိသည်။ ရေပေါများစွာရရှိပါ က မွေးမြူရေးလုပ်ငန်း ပိုမိုတိုးတက်လာနိုင်သည် တိရိစ္ဆာန် အစာများလည်း မိုးတွင်းတွင် ပေါများစွာ ရနိုင်သည်။

၃။ မွေးမြူရေးသီးသန့် ချေးငွေလည်းမရှိသောကြောင့် အရင်းအနှီးလည်း မရှိကြပါ။

၂.၂.၂.၃ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲ စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	မရှိ - ပြင်ပချေးငွေအဖွဲ့များနှင့်ချိတ်ဆက်မှုမရှိ
ကူးစက်ရောဂါဖြစ်ပွားမှု	ရာသီပြောင်းချိန် ကူးစက်ရောဂါ အဖြစ်များ - ခွာနာလျှာနာ
သွင်းအားစုဈေးကွက်	လွိုင်ကော်နှင့်မိုးဇွဲတွင် ရနိုင်သော်လည်း မတတ်နိုင်ကြပါ။
ဝန်ဆောင်မှုဈေးကွက်	ဆေးဝါးအထောက်အပံ့နှင့်မွေးမြူရေးအသိပညာအားနည်းသည်။ ပညာပေးမရှိပါ။
ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက်	မြို့ဈေးနှင့်နီး၍ လွယ်ကူစွာရောင်းဝယ်နိုင်သည်။ သို့သော် လိုင်စင်မရှိသောကြောင့် ဈေးနှိမ်ခံရသည်။
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ	မွေးမြူရေးဆိုင်ရာအသိပညာနှင့်ဗဟုသုတအားနည်း။
စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်လက်လှမ်းမှီမှု	ကျေးရွာတွင်လိုင်စင်နှင့်ပတ်သက်သောဗဟုသုတအားနည်း၊ လိုင်စင်ရရန်အခက်အခဲရှိသည်။
မျိုးကောင်းမျိုးသန့်	မျိုးကောင်းမျိုးသန့်ရရှိရန် အလှမ်းဝေးခြင်း၊ ဒေသမျိုးများကိုသာ မွေးမြူကြခြင်း၊ မွေးမြူရေးအသိ ပညာဗဟုသုတ အားနည်းခြင်း၊
ငါးဖမ်းခွင့် လက်လှမ်းမှီမှု	
ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု	

ပြဿနာနှင့်အခက်အခဲ စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
အရင်းအနှီးလက်လှမ်းမှီမှု	
အခြား	ကျေးရွာပိုင်ရေကန်တွင် ငါးမွေးမြူနိုင်မည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ မွေးမြူကုသရေးဆိုင်ရာသင်တန်းနှင့် ကာကွယ်ကုသရေးထိရောက်စွာ ဝန်ဆောင်မှုမရှိ။

၂။ တိရိစ္ဆာန်များကြိုတင်ကာကွယ်စောင့်ရှောက်မှုမရှိပါ။ စနစ်တကျမွေးမြူနည်းစနစ်လိုအပ်ပါသည်။ ဗဟုသုတ အသိပညာအတွေ့အကြုံမရှိပါ။

၃။ ဆေးထိုးရန်အတွက် မြို့နှင့်အခြားပြင်ပရွာသို့သွားခေါ်ရသည်။ ကျေးရွာတွင် ကျွမ်းကျင်သူမရှိ။ အချိန်မမှီပါက သေဆုံး/ ဆုံးရှုံးမှုများ နှစ်စဉ်ဖြစ်လေ့ရှိ ပါသည်။ ဆေးကုသစရိတ်လည်းမြင့်သည်။

၄။မိမိခြံထွက် တိရိစ္ဆာန်များအား လွတ်လပ်စွာရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲသည်။ လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်မှု ခံကြရသည်။

၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း		၅၅		၂၀ ဦးမှာ သဘာဝသစ်တောအတွင်းမှ မျှစ်၊ ဟင်းသီး/ ရွက်ရှာဖွေရောင်းချ ခြင်း၊ ၃၅ဦးမှာ လွှဆွဲလုပ်ငန်းများကို ဝင်ငွေရလုပ်ငန်းအနေဖြင့် လုပ်ကိုင်ကြသည်။ ၎င်းတို့၏ အဓိကအသက်မွေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။
၂	ထုတ်ကုန်လုပ်ငန်း	၁၆			တစ်အိမ်ထောင်မှာ ရိုးရာမုံ့လုပ်ငန်း တို့ဟူး၊ပဲပြား၊ စာကလေးကြော်ကို အဓိကအသက် မွေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
					သည်။ ၁၅ ဦးမှာဝါးနှင့်ဝါးခြင်းတောင်းယက်လုပ်ခြင်းလုပ်ငန်း၊
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၁	၁၀		တစ်ဦးမှာ ပန်းရံခေါင်းဆောင်ဖြစ် ပြီး ကျန် ၁၀ ဦးမှာ ပန်းရံနှင့် လက်သမား နောက်လိုက်များဖြစ် သည်။
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၂၀	၁၅		၂၀ ဦးမှာ အိမ်ဈေးဆိုင်လုပ်ငန်း ဖြစ်ပြီး ၁၅ ဦးမှာ ဟင်းသီး/ရွက် ရောင်းသူများ ဖြစ်ကြသည်။
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	၂			၂ ဦးမှာ ဆိုင်ကယ်တက္ကစီနှင့် သုံး ဘီးဆိုင်ကယ်မောင်းသူများ ဖြစ်ပြီး ကျေးရွာနှင့် လွှိုင်ကော်/ မိုးဖြဲသို့ သွားလာကြသည်။
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှား ရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်း များ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး				

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
၁၇	ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ	**၃၉**	**၈၀**		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင် လုပ်ငန်းအရေအတွက်ပေါင်း ၃၉ ခု (ထုတ်ကုန်လုပ်ငန်း ၁၆ ခု၊ ပန်းရံခေါင်းဆောင် ၁၊ အိမ်စျေး ဆိုင် ၂၀၊ သယ်ယူပို့ဆောင်ရေး ၂) ရှိသည်။

၂။ အလုပ်သမား အရေအတွက် ၈၀ ရှိသည်။

၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
ကိုယ်ပိုင်အရည်အသွေးရှိ	အရင်းအနှီးမရှိ။
လက်သမား၊ ပန်းရံကျွမ်းကျင်လုပ်သားရှိ	အလုပ်အကိုင်အခွင့်အလမ်းနည်း၊ အဆက်အသွယ်မရှိ၊ ပုံမှန်အလုပ်အကိုင်မရကြပါ။ မွမ်းမံသင်တန်းလိုအပ်သည်။
စျေးကွက်ရှိ၊ စျေးကွက်နှင့် နီးသည်။	ထုတ်လုပ်မှုနည်းသည်။
လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။	ပုံမှန်သွားလာသည့် ပို့ဆောင်ရေးယာဉ်မရှိ။
အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို စိတ်ဝင်စားမှုရှိသည်။	သင်ယူရန် အဆက်အသွယ်မရှိ။ သင်တန်းချိန် နေရန်၊ စားရန်၊ အရင်းအနှီးမရှိ။
သဘာဝအရင်းအမြစ်ကောင်းမွန်	လျှပ်စစ်မီးမရရှိ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျပန်းမြေယာမဲ့များအတွက် ချေးငွေလက်လှမ်းမမီနိုင်ခြင်း။ အရင်းအနှီးမရှိခြင်း။

၂။ အသက်မွေးဝမ်းကျောင်း အတတ်ပညာကျွမ်းကျင်မှု နည်းခြင်း။

၃။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်မရှိခြင်း၊ အချိတ်အဆက်၊ အဆက်အသွယ် နည်းပါးခြင်း။

၄။ ဆက်သွယ်ရေးအားနည်းခြင်းနှင့် သတင်းအချက်အလက် လက်လှမ်းမမီနိုင်ခြင်း။

၅။ အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်ပါက ကျေးရွာတွင် ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းများလာမည်။ အိမ်တွင်းမှုလုပ်ငန်းများ တိုးတက်လာနိုင်မည် ဖြစ်သည်။

၂.၃ ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး (ကီလိုမီတာ)	လွိုင်ကော်ဈေးသို့ (၈) မိုင် အကွာအဝေးတွင်ရှိသည်။	မိုးဗြဲဈေးသို့ (၆) မိုင်ခန့်
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	မြေနီနှင့် ကျောက်ချော လမ်း သုံးဘီးကား၊မော်တော်ဆိုင်ကယ်၊ ခြေလျင်၊ ထော်လာကျီ။	မြေနီ၊ ကျောက်ချောလမ်းနှင့်ကတ္တရာလမ်း မော်တော်ကား၊ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာကျီ
ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်ပေးနိုင်မှု	ကုန်မျိုးစုံးနှင့် ဟင်းသီး/ရွက်၊ သား၊ငါး ရောင်း/ဝယ်ရန်	ကုန်မျိုးစုံ လက်လီ၊ လက်ကား ရောင်း၀ယ်ရေး
ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	ကောင်းမွန်၊ ဝန်ဆောင်မှု လိုအပ်သလို ရရှိနိုင်။	ကောင်းမွန်၊ ဝန်ဆောင်မှု လိုအပ်သလို ရရှိနိုင်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ စပါးနှင့် ဟင်းသီး/ရွက်များကို ပွဲစား၊ ကုန်သည်များမှ ကျေးရွာသို့လာရောက်ဝယ်ယူကြသည်။ ဈေးကောင်းရရန် မိုးဗြဲဈေးသို့လည်းသွားရောက် ရောင်းချကြသည်။

၂.၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)					
ပုဂ္ဂလိကဘဏ်					
ပုဂ္ဂလိကအသေးစားချေးငွေဝန် ဆောင်မှုကဏ္ဍ					
အဖွဲ့အလိုက်ငွေစု/ငွေချေး အစီအစဉ်	ပညာရေး ကျန်းမာရေး လူမှုရေး	၁ နှစ် - ဆင်းရဲသူများ အကန့်အသတ်မရှိ	၃%		မရှိ
ငွေချေးပေးသူ	ပညာရေး ကျန်းမာရေး လူမှုရေး	ဇလ	၅-၈%	သီးနှံ-စိုက်ခင်း	ရှိ
အပေါင်ဆိုင်					
မိတ်ဆွေနှင့်ဆွေမျိုးများ	ပညာရေး ကျန်းမာရေး လူမှုရေး	-	၅-၈%	သီးနှံ-စိုက်ခင်း	ရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ချေးငွေရနိုင်သော ငွေစုငွေချေးစနစ် မရှိသေးပါ။ ယခင်က လျပ်စစ်မီး ရရှိရေး စုဆောင်းထားငွေမှာလည်း ယခု အခါလျပ်စစ်မီးလင်းရေး အသုံးပြုပြီးဖြစ်သဖြင့် ချေးငွေမရှိတော့ပါ။ လျပ်စစ်မီးလည်း မရရှိကြသေးပါ။

၂။ အချင်းချင်းငွေချေးရာတွင်လည်း တဦးနှင့်တဦး ၂၀၀၀၀ ကျပ်အထိသာ ချေးပေးလေ့ရှိကြသည်။

၂.၅ သဘာဝဘေးအန္တရာယ်လျော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

၂.၅.၁ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက် အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	များ	ဓာတ်မြေဩဇာအသုံးပြုမှုများ၊ မြေဆီလွှာထိန်းသိမ်းမှုမရှိသောကြောင့် မြေဆီ လွှာပျက်စီးမှုများသည်။
အပင်မျိုးစိတ်များ	များ	ဝါးနှင့် သစ်ပင်များ အသုံးပြုပြီးပြန်လည်စိုက်ပျိုးခြင်းမရှိ။
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	များ	ပိုးသတ်ဆေးစနစ်တကျသုံးစွဲခြင်းမရှိ၊ ပိုးမွှားရောဂါများ ခံနိုင်ရည်ရှိလာသည်။
ရေအရင်းအမြစ်	များ	ဝေးလံသောနေရာမှ ရေသွယ်ယူရသည်။ မိုးရေကိုသာအားထားရသည်။
ငါးမျိုးကွဲများ	-	-
အခြားတိရိစ္ဆာန်မျိုးကွဲများ	များ	ကာကွယ်စောင့်ရှောက်မှု ထိန်းသိမ်းမှု အားနည်းသည်။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲ. မှု	များ	ရပ်ရွာစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအားနည်းသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ငါးမျိုးများ နှင့် အခြားတိရစ္ဆာန်များ ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှု အားနည်းပြီး သဘာဝအရင်းအမြစ် ထိန်းသိမ်း ၁။ မြေဆီလွှာထိန်းသိမ်းမှု မရှိကြပါ။

၂။ သစ်တောနှင့် သားကောင်များကိုလည်း ကာကွယ်စောင့်ရှောက်မှု၊ ထိန်းသိမ်းမှု မရှိကြပါ။

၃။ပိုးသတ်ဆေးဗူးခွံများကိုလည်း စနစ်တကျစွန့်ပစ်ခြင်းမရှိသောကြောင့် ပါတ်ဝန်းကျင်သန့်ရှင်းမှု နည်းလာသည်။

(၁) **မြေဆီလွှာဆုတ်ယုတ်လာခြင်း**- နွားချေးဆွေး၊ သစ်ဆွေးမြေဩဇာကို လုံလောက်စွာ အသုံးပြုနိုင်ခြင်းမရှိသောကြောင့် အရည်အသွေးမမီသည့် ဓါတ်မြေဩဇာကို အားထားအသုံးပြုခြင်း၊ ပေါင်းသတ်ဆေးများ သုံးစွဲသည့်အတွက် မြေကြီးအရည်အသွေးကျဆင်းခြင်းတို့ ဖြစ်ပေါ်သည်။

(၂) **ဓါတုပိုးသတ်ဆေးများအသုံးပြုခြင်း**– စိုက်ပျိုးသီးနှံများအတွက် ဓာတုပိုးသတ်ဆေး အသုံးပြုခြင်းကြောင့် စနစ်တကျမသုံးစွဲတတ်သူများနှင့် စားသုံးသူများအတွက် အသက်အန္တရာယ်ပေးမှုရှိနိုင်ပါသည်။

ကျွန်ုပ်တို့ကျေးရွာသားများသည် မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများနှင့် လက်တွဲကာ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစီအမံများကို သင်ယူရန်လိုပါသည်။

၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

အမျိုးအစား	**အန္တရာယ်ဖြစ်နိုင်ခြေ(နည်း / လတ်/များ)**	**ဖော်ပြချက်/ ရှင်းလင်းချက်**	**လက်ရှိဘေးအန္တရာယ်လျှော့ချရေးအလေ့အကျင့်များ**
ရေလွှမ်းမိုးခြင်း	နည်း	မိုးနည်းသောကြောင့်။	မရှိ
မီးဘေး	နည်း		
မုန်တိုင်း	မရှိ		
ငလျင်	မရှိ		
မိုးခေါင်ခြင်း	များ	၁၉၉၇-၉၈-၉၉ ခုနှစ်များတွင် မိုး ခေါင်သည်။	မရှိ
အအေးလှိုင်း	နည်း		
ပဋိပက္ခ ဖြစ်ပွားမှု	လတ်	ရေပိုက်လိုင်းပျက်စီးခြင်း ပြဿနာဖြစ်	မရှိ
တိရိစ္ဆာန်ရောဂါဖြစ်ပွါးမှု	နည်း	ဝက်တုတ်ကွေး-ကြက်ရောဂါ-နွားပေါင်ပုပ်၊ လက်ပုပ်	ကာကွယ်ကုသခြင်း
လူရောဂါဖြစ်ပွါးမှု	နည်း	ရာသီဖျား	ကုသခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ အခြားသဘာဝဘေးလျှော့ချရေးအစီအစဉ် အလေ့အထမရှိ။ ဗဟုသုတနှင့် ကျွမ်းကျင်မှု မရှိကြပါ။

၂။ သောက်ရေသွယ်ယူခြင်းနှင့်ပါတ်သက်၍ အခြားရွာနှင့် တခါတရံ ပဋိပက္ခ ဖြစ်တတ်ကြသည်။

၂.၆ ပညာရေး

၂.၆.၁ ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာရေး	ကျား	မ	ပေါင်း	ဧနှစ်နှင့်အထက်၊ကျောင်းနေ လူဦး ရေ %
လုံးဝကျောင်းမနေသူများ	၁၅	၁၀၄	၁၁၉	၁၇%
ဘာသာရေးအခြေပြုပညာရေး	၂၀	၈	၂၈	၄%
မူလတန်းပြီးဆုံးမှု မရှိသည့်ဦးရေ				
မူလတန်းပညာရေးပြီးဆုံးသူများ	၂၄၃	၁၅၁	၃၉၄	၅၆.၄%
အလယ်တန်းပညာရေးပြီးဆုံးသူများ	၅၇	၆၁	၁၁၈	၁၆.၉%
အထက်တန်းပညာရေးပြီးဆုံးသူများ	၁၃	၁၄	၂၇	၃.၉%
တက္ကသိုလ်ပညာပြီးဆုံးသူများ	၄	၄	၈	၁.၁%
တက္ကသိုလ်တက်ရောက်နေသူများ	၁	၄	၅	၀.၇%
ဧ နှစ်အထက်လူဦးရေပေါင်း	**၃၅၃**	**၃၄၆**	**၆၉၉**	**၁၀၀%**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် လုံးဝကျောင်းမနေသူဦးရေမှာ ၁၁၉ ဦးရှိပြီး ၁၇% ရသဖြင့် စာတတ်မြောက်မှု အလွန်အားနည်းသည်ကို တွေ့ရသည်။

၂။ မူလတန်းပညာရေးပြီးဆုံးသူ၊ စာရေးစာဖတ်တတ်သူ စုစုပေါင်း ၄၂၂ ဦး ၆၀.၄% ရှိသော်လည်း ဘွဲ့ရပညာတတ်သူဦးရေမှာ ၁.၁%၊ ၈ဦးသာ ရှိသဖြင့် အလွန်နည်းသည်။ အကြောင်းမှာ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကျောင်းသာရှိပြီး၊ အထက်တန်းကို လွှိုက်ကော်သို့ သွားရောက်တက်ရသဖြင့် မိဘများမှာ ဆင်းရဲသောကြောင့် ကျောင်းဆက်မထားနိုင်ကြပါ။ ထို့ကြောင့် အထက်တန်းပညာပြီးဆုံးသူမှာလည်း ၃.၉% သာရှိသည်။

၂.၆.၂ ကျောင်းအပ်နှုန်း

ဇယား (၂၈) ကျောင်းအပ်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၈၇	၆၉	၁၅၆	၁၄၃.၁%
အလယ်တန်း (၁၀-၁၄နှစ်)	၃၅	၄၄	၇၉	၆၉.၉%
အထက်တန်း (၁၅-၁၆နှစ်ကြား)	၄	၁၃	၁၇	
တက္ကသိုလ်ကျောင်းသား၊သူ	၁	၄	၅	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ မူလတန်းကျောင်းသားဦးရေသည် မူလတန်းအရွယ် ကလေးဦးရေထက် များနေရခြင်းမှာ အချို့ ကလေးငယ်များမှာ အသက် (၅) နှစ်ကျော်မှ ကျောင်း စနေရခြင်းကြောင့် ဖြစ်သည်။

၂။ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်သူ ဦးရေ သိသိသာသာ လျော့နည်းသွားရခြင်းမှာလည်း ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကျောင်းအဆင့်သာရှိပြီး၊ အထက်တန်းနှင့် တက္ကသိုလ်မှာ လွိုင်ကော်သို့ သွားရောက်တက်ရခြင်းနှင့် မိဘများ ဆင်းရဲသဖြင့် ကျောင်းဆက်မထားနိုင်သော ကြောင့် ဖြစ်သည်။

၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

အကြောင်းအရာ	မူလတန်းကျောင်း	အလယ်တန်းကျောင်း
ရွာမှအကွာအဝေး(ကီလိုမီတာ)	ကျေးရွာတွင်း	ကျေးရွာတွင်း
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	လမ်းလျှောက်	လမ်းလျှောက်
စာသင်ကျောင်းအရွယ်အစား (အလျား၊အနံ၊အမြင့်)	၉၀x ၃၀x ၁၂ ပေ ၆၀ x၃၀ x၁၁ ပေ	၆၀ x၃၀x ၁၁ ပေ
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်-အုတ်-အင်္ကတေ - ကောင်းမွန်	သွပ်၊အုတ်၊အင်္ကတေ၊ကောင်းမွန်
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ)	လုံလောက်မှုမရှိ။	လုံလောက်မှုမရှိ။

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
		၅	၅		၂	၂

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိ၊ ကျောင်းဆောင်မှာ မူလတန်းကျောင်း (၁)ဆောင်နှင့် အလယ်တန်းကျောင်းဆောင် ၁ ဆောင်ရှိသည်။ လက်ရှိစာသင်ကျောင်းမှာ အသင့်အတင့် ကောင်းမွန်သည်။

၂။ ကျေးရွာမူလွန်ကျောင်းတွင် ၁ တန်း မှာ ဖတန်းထိ သင်ကြား ၇တန်းနှင့် အထက်တွင် ပြင်ပသို့ သင်ကြားသည်။ ကျောင်းတွင် ဂရိဘောဂများလုံလောက်မှုမရှိ။

၂.၆.၄ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	၇ ဦး - ကောင်းမွန်
တပည့် - ဆရာ အချိုး	၂၄/၁ - ကောင်းမွန်
မူလတန်းပညာ ကျောင်းထွက်နှုန်း	စီးပွားရေးအဆင်ပြေမှုမရှိ၍ ကျောင်းဆက်မထားနိုင်ပါ။
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	၂ ဦး မှာ ၂ တန်းထိတက်သည်။ အသုံးလုံးစီစဉ်ပေးသည်။
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	လုံလောက်မှုရှိသည်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	ငွေကြေးမတတ်နိုင်၍ အပြည့်အဝ မထောက်ပံနိုင်ပါ။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ကျား ၁၀ မ ၁ဦး ကော်မတီရှိ - ရံပုံငွေမလုံလောက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ဆရာနှင့် တပည့် အရေအတွက် အချိုးညီမျှမှုရှိသည်။ ဆရာလုံလောက်မှု ရှိသည်။ ကျောင်းသား (၁၆၈) ဦး ရှိပြီး ဆရာ/ဆရာမ (၇) ဦးရှိသည်။ ဆရာလုံလောက်မှု ရှိသည်။

၂။ ကျောင်းအိမ်သာမှာလည်း တစ်ကျောင်းလုံးအတွက် (၆) လုံးသာရှိကာ (၂) လုံးမှာ ပျက်ယွင်းနေသဖြင့် လုံလောက်မှု မရှိပါ။ ကျောင်း သုံးသင် ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိပါ။

၃။ လက်ရှိကျောင်းအကျိုးတော်ဆောင်များမှာလည်း ပညာရေးတိုးတက်ရန် စိတ်ဝင်စားမှုရှိသည်။ ကျောင်းအကျိုးတော်ဆောင်ကော်မတီရှိပြီး ကျောင်းအတွက်လိုအပ်သော ပရိဘောဂပစ္စည်း၊ ကျောင်းအတွက် သာယာလှပရေးအတွက် တက်ကြွစွာ လှုပ်ရှားမှုရှိသည်။

၄။ မူလတန်းကျောင်းပြီးပါက စီးပွါးရေးအဆင်မပြေသောကြောင့် အများစုမှာ ကျောင်းဆက် မထားနိုင်ကြပါ။

၂.၇ ကျန်းမာရေးနှင့် အာဟာရ

၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

၁.တုတ်ကွေး	၂.ချောင်းဆိုး-နှာစေး	၃.ဖျားနာ	၄.ဝမ်းရောဂါ
၅.သွေးတိုး	၆.ထိခိုက်ရှနာ	၇.အစာအိမ်နာ	၈.ကျောက်ကပ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။လက်ရှိတွင်ကျေးရွာမှာတုပ်ကွေး၊ ချောင်းဆိုးနှင့် ရာသီဖျားနာရောဂါအဖြစ်များနေပါသည်။ မြွေကိုက်ခံရမှု လည်း များသည်။

၂။ ကျေရွာတွင် ဆေးပေးခန်းမရှိ၊ ဆရာမဝန်ထမ်းမရှိ၍ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ် ချက် ရှိသည်။

၂.၇.၂ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) မှုံပြာကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (ကီလို)	အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သောအသုံး အဆောင်ပစ္စည်း များ(လုံလောက်မှု /မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာ ရေး ဌာန	၁မိုင်	မရှိ	သားဖွားဆရာမ ( ) ဦး ကြီးကြပ်-၁ ( ) ဦး	မလုံလောက်။	

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာ အဝေး (ကီလို)	အခန်း/ ကုတင် (လုံ လောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ် သက်သောအသုံး အဆောင်ပစ္စည်း များ(လုံလောက်မှု /မလုံလောက်မှု)	မှတ်ချက်
ဆေးရုံ	၆ မိုင်	မရှိ	ဆရာဝန် ( ) ဦး သူနာပြု - ( ) အခြား - ( )	ဆေးဝါး လုံလောက်မှုရှိ	လွိုင်ကော် ၆ မိုင်
ဆေးဆိုင်	၆မိုင်	ရှိ		လက်လှမ်းမှီမှု ဆေးဝါး.... သိုလှောင်ပုံစနစ် အအေးခန်းစနစ်	လွိုင်ကော် ၆ မိုင်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ သာမန်ရောဂါဖြစ်ပါက ၁မိုင်ခန့်ဝေးသော နွားလပိုးကျေးလက်ကျန်းမာရေး ဆေးပေးခန်းတွင် သွားရောက်ပြသပြီး ရောဂါပြင်းထန်ပါက လွိုင်ကော် ဆေးရုံသို့သွားရောက်သည်။

၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေ အတွက်	အကောင်း/အ ဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၄	သင့်	မရှိ	ရှိ	ရှိ	
အဝီစိတွင်း	၃	သင့်	မရှိ	ရှိ	ရှိ	
အဝီစိတွင်း၊ စက်တွင်း ကန်	၄	သင့်	မရှိ	ရှိ	ရှိ	
မြစ်/ချောင်း						
မိုးရေသိုလှောင်ကန်	၂	ဆိုး		ရှိ		
စိမ့်စမ်းရေသွယ်တန်းခြင်း	၁	ကောင်း	မရှိ	ရှိ	သင့်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ မိုးရေလျှောင်ကန် ၂ ခုမှာ စာသင်ကျောင်းတွင်ရှိသည်။ ပေ ၇၀၀၀ ဝေးသော ထေးရီ ရေထွက်မှ စိမ့်စမ်းရေ သွယ်ယူကာ တရွာလုံးအသုံးပြုရာတွင် တခါတရံ ထေးရီရွာနှင့် ပဋိပက္ခ ဖြစ်ကြရသည်။

၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၂၀၀	ကျန်းမာရေး အသိရှိ -ကောင်းမွန်
ကျင်းအိမ်သာ	၂	ပစ္စည်းနှင့်စရိတ်မတတ်နိုင်ကြပါ။
တောထိုင်	၁၀	ယခုမှ အိမ်ထောင်စုခွဲထွက်သောသူများ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ရေရှားပါးသောကြောင့် သန့်ရှင်းမှု အခက်အခဲရှိသည်။

၂.၈လမ်းတံတား အခြေအနေ

၂.၈.၁ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက်သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး	
ရွာတွင်းလမ်း	၁	သင့်	၁၉၈၄		ရှိ	၆.၄
ချဉ်းကပ်လမ်း	၃	ကောင်း	၂၀၁၅-ဇွန်		ရှိ	၂.၆

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လေ့လာတွေ့ရှိချက်။

၁။ မြို့သို့သွားသော ကားလမ်းမှာ တစ်နှစ်ပတ်လုံးသွားလာနိုင်ပြီး ယာဉ်မျိုးစုံ သွားလာကြပါသည်။

၂။ ကျေးရွာတွင်းရှိ အိမ်ထောင်စု အားလုံးနီးပါး မော်တော်ဆိုင်ကယ်ကိုယ်စီရှိပြီး လှိုင်ကော်မြို့နှင့် (၈)မိုင်၊ မိုးဗြဲနှင့် ၆ မိုင်ခန့်သာ ကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ အခက်အခဲ မရှိပါ။

လမ်းတံတား အမျိုးအစား	**အရွယ်အစား**	**ကောင်း/ဆိုး**	**တည်ဆောက် ခဲ့သောနှစ်**	**အသုံးပြုနိုင်သည့်ရာသီ**	
				ပွင့်လင်းရာသီ	**တစ်နှစ်လုံး**
ဆိပ်ခံတံတား					
တံတား	၁၅ x၆x ၉ ပေ ကွန်ကရစ်	ကောင်း	၂၀၁၂		Â
			၂၀၁၄		
	၁၅ x၆ x၆ ပေ သစ်သား		၂၀၀၇		
	၁၅x၁၂x ၉ ပေ ကွန်ကရစ်				
ကြိုးတံတား					
ရေပြွန်	အရှည် ၁၅ အကျယ်-၅	ကောင်း	၂၀၁၂		Â

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ လက်ရှိတံတား ၃ စင်းလုံးမှာ ကောင်းမွန်ပြီး အခက်အခဲမရှိကြပါ။

၂.၈.၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	**အကွာအဝေး (ကီလိုမီတာ)**	**ယာဉ် အမျိုးအစား**	**ရာသီအလိုက်သုံးစွဲနိုင်မှု**	
			ပွင့်လင်းရာသီ	**တစ်နှစ်ပါတ်လုံး**
မြစ်ကြောင်း				
ပင်လယ်ရေကြောင်း				

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

၁ " လှေ၊သမ္ပန် ၂ - မော်တော် ၃ - သင်္ဘော

၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေငယ်	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ဘတ်စ်ကား	မြင်းလှည်း
အရေအတွက်				၉၃	၁၃	၃	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ အိမ်ထောင်စုအများစုမှာ သွားလာရေးအတွက် ဆိုင်ကယ်သာအားထားကြသည်။ ဘတ်စ်ကား (Taxi "၂, ဇိမ်ခံ - ၁) စီးရှိသည်။

၂။ လယ်ထွဲကျေးရွာသည် လွိုင်ကော်နှင် မိုးဇွဲသို့ ဟင်းသီး/ရွက်များစိုက်ပျိုးတင်ပို့သည့်ရာတွင် သုံးဘီးဆိုင်ကယ် နှင့်ထော်လာဂျီကို အများဆုံးအသုံးပြုကြသည်။

၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
မဟာဓါတ်အားလိုင်း	-	-	-
ဆိုလာစနစ်	၁၄၃	ညံ့	နေရောင်ကောင်းစွာမရလျှင် မီးရောင်အားမကောင်းပါ။
အသေးစားရေအားလျှပ်စစ်			
ဒီဇယ်သုံးအင်ဂျင်			
လေစွမ်းအင်			
ဇီဝလောင်စာ (ဖယောင်းတိုင်)			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ဆိုလာကိုသာ မီးလင်းရေးအတွက် အားကိုနေရသည်။

၂။ ဆင်းရဲအိမ်ထောင်စုများမှာ ဖယောင်းတိုင်နှင့် ဓာတ်ခဲမီးကိုသာ အားကိုးနေရပြီး ယခု ၂၀၁၅ တွင် လျှပ်စစ်မီး ရရှိရေးကြိုးပမ်းနေသည်။

ကျေးရွာတွင် လျှပ်စစ်မီးသွယ်တန်းအသုံးပြုခြင်း မရှိသေးပါ။ ရွာသားများအနေဖြင့် လျှပ်စစ်မီးသွယ်တန်း အသုံးလိုသော်လည်း ပင်မဓါတ်အားလိုင်းနှင့်လည်းဝေးနေခြင်းနှင့် ငွေကြေး အင်အားနည်းသဖြင့် သွယ်တန်းအ သုံးပြုရန် အလှမ်းဝေးနေပါသေးသည်။ မည်သို့ပင်ဆိုသော်လည်း ကျေးရွာမီးလင်းရေးကို ရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားကြကာ ကျေးရွာ မီးလင်းရေးဆပ်ကော်မီတီကိုလည်း ဖွဲ့စည်းထားကြပြီး တတ်နိုင်သရွေ့ ဝိုင်းဝန်းကြိုးပမ်း သွားကြ မည် ဖြစ်ပါသည်။ ယခု ၂၀၁၅ အတွင်း ကိုယ်ထူကိုယ်ထ လျှပ်စစ်မီး လင်းရန် သေချာနေပြီ ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်တွင် ဦးစားပေးရွေးချယ်ခြင်း မပြုကြတော့ ပါ ။

ကျေးရွာတွင် လျှပ်စစ်မီးမရှိသေးသဖြင့် ချက်ပြုတ်စားသောက်ရန် ထင်းကိုပိုမိုအသုံးပြု ရခြင်းကြောင့် အိမ်သုံးစရိတ်မြင့်မားခြင်းနှင့် သစ်တောပြုန်းတီးခြင်းကို ရင်ဆိုင်ကြရပါသည်။ ယခုကာလတွင် ထင်းကိုလည်း တောထဲမှ အလွယ်တကူခုတ်ယူမရနိုင်သဖြင့် ကျေးရွာသားများ အတွက် ထင်းရရှိရေးမှာလည်း ဝန်ထုပ်ဝန် ပိုးတစ်ခု ဖြစ်နေပါသည်။ ကျောင်းသား/သူများ၏ ပညာရေးအတွက်လည်း နောက်ကျကျန် လျက်ရှိပါသည်။ လျှပ်စစ်မီး သွယ်တန်းအသုံးပြုနိုင်ပါက ထင်းရရှိရေး အခက်အခဲကို ကျော်လွှားနိုင်ပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မား လာစေနိုင်ပါမည်။ ယခု လက်ရှိတွင် (၁၄၃) အိမ်ထောက်မှ ဆိုလာမီးအသုံးပြုကြပြီး ကျန်ဆင်းရဲသားများမှာ ဖယောင်းတိုင်နှင့် ဓါတ်ခဲမီးချောင်းများ ကို အသုံးပြုနေကြရသည်။

၂.၁၀ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာနှင့်ဂျာနယ်	အခြား
အရေအတွက်	၇၄	၁	၁	၃၀		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ လျှပ်စစ်မီးမရရှိသောကြောင့် တီဗွီ ကြိုး ၁လုံးသာရှိသည်။

၂။ ဆိုလာသေးနှင့် ကြည့်ရသော ခေါက် တီဗွီ ၅၀ ခန့်ရှိသည်။ ထို့ကြောင့်သတင်းအချက်အလက်များ အလှမ်းဝေးသေးသည်။

၃။ MPT နှင့် Telenor လိုင်းမိပြီး အိမ်ထောင်စုတော်တော်များများ သုံးနိုင်သည်။ လူငယ်များသာ အင်တာနက် အသုံးပြုမှုရှိသည်။ သို့သော် သတင်းပညာရပ် စီးပွားရေးလေ့လာမှုနည်းသည်။

၂.၁၁ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု	မရှိ	သီးခြားအစီအစဉ်မရှိ။ ရိုးရာပွဲများအတွက် အကတိုက်ခြင်း၊ ဝင်ရောက်ယှဉ်ပြိုင်ခြင်းများရှိသည်။
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	လူမှုရေးပွဲများတွင် တက်ကြွစွာ ပါဝင်ကြသည်။
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ဘာသာရေးပွဲများတွင် တက်ကြွစွာ ပါဝင်ကြသည်။
အားကစားပစ္စည်းများအား လက်လှမ်းမှီမှု	ရှိ	နှစ်စဉ် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြသည်။ သို့သော်အဖွဲ့အစည်းများတွင် ပါဝင်ခွင့်နှင့် ဆောင်ရွက်ခွင့် နည်းနေသေးသည်။
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကြသည်။
စာကြည့်တိုက်၊အင်တာနက်စသည်များအားလက်လှမ်းမှီမှု	ရှိ	စာကြည့်တိုက်ရှိသော်လည်း စာအုပ်များ ပြည့်စုံမှု မရှိ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာအတွင်းရှိလူငယ်များမှာကျေးရွာ၏သာရေး၊ နာရေးကိစ္စများတွင် ပါဝင်ကြသည်။

၂။ လူငယ်အများစုမှာ အင်တာနက်အသုံးပြုမှုလက်လှမ်းမှီကြပြီး အိမ်တွင် TV ကြည့်ပြီး အပန်းဖြေကြသည်။

၃။ ကျေးရွာတွင် စလောင်းတပ်ဆင်မှု တစ်အိမ်သာရှိပြီး အားကစားပွဲများအား ထိုအိမ်သို့ သွားကြည့်ကြသည်။ သတင်း အချက်အလက် နည်းပညာ ပိုမိုရရှိစေရန် လိုအပ်သည်။

၄။ လျှပ်စစ်မီးရရှိလျှင် အသိပညာဗဟုသုတ ပိုရနိုင်။ လူငယ်များ အတတ်ပညာအားနည်းသည်။ အလုပ်အကိုင် အခွင့်အလမ်းနည်းသည်။

၅။ ယဉ်ကျေးမှုနှင့် ရိုးရာထိန်းသိမ်းတတ်စေရန် ထောက်ပံ့ရန်လိုအပ်သည်။ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသည့်အနေဖြင့် ယဉ်ကျေးမှု ထိန်သိမ်းမှုအားနည်းနေသည်။

၂.၁၂ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	စီဒီအမ်အေ၊ အော်ရီဒူး၊ တယ်လီနော ဖုန်းများကို အသုံးပြု ကြသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိ	မည်သည့်အာမခံလုပ်ငန်းမျှလက်လှမ်းမီမှုမရှိချေ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	မရှိ	သဘာဝဘေး အန္တရာယ်လျော့ချခြင်း အစီအစဉ်များ မရှိချေ။
ရဲစခန်းများအား လက်လှမ်းမှီမှု	မရှိ	သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်များ၊ ရဲစခန်းမှ လုံခြုံရေး အကူအညီများ ရရှိမှု

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ဆက်သွယ်ရေး MPT Telenor ရှိသည်။

၂။ မှုခင်းဖြစ်မှုနည်းပြီးဖြစ်ပွားပါက လွိုင်ကော်သို့လာရောက်ရဲစခန်းနှင့်ချိတ်ဆက်မှုအားနည်းသည်။

၃။ သဘာဝ ဘေးအန္တရာယ်ကာကွယ်ရေးအစီအမံများလည်း မထားကြပါ။ အရေးကြီးကြောင်းလည်း သတိမမူမိ ကြပါ။

၂.၁၂.၂ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	မရှိ	မရှိ	မရှိ	မရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၇-၁၈-၁၉.၇.၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာရှိ ရိုးရာဓလေ့အရ မှုခင်းဖြစ်ပွားမှုနည်းပါး သာမန်အခြေအနေသာရှိသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

လယ်ထွဲကျေးရွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့်ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံဖော်ဆောင်မည် စသည့်တို့သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရာတွင် အလားအလာကောင်းများ၊ ဖြစ်နိုင်ခြေများရှိသလို တစ်ဘက်တွင်လည်း အဟန့်အတားနှင့် စိန်ခေါ်မှုများရှိပါသည်။ ထို့ကြောင့် ကိုးကားစာရွက် စာတမ်းများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် အုပ်စုအုပ်ချုပ်ရေးမှူး၊ ဒေသရှိ နားလည်တတ်သိသူများနှင့် ဆွေးနွေးမှုများ၊ ကျေးရွာရှိ ဦးတည် အုပ်စုများနှင့် ဆွေးနွေးချက်များကိုအခြေခံ၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသောအခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများကို ဖော်ထုတ်ထားရှိပါသည်။

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
လူသား အရင်း အမြစ်	
• အလုပ်လုပ်ကိုင်နိုင်သော လူ ဦးရေများပြားခြင်း။ • လူကြီး၊လူငယ်များ စုပေါင်း လက်တွဲဆောင်ရွက် လေ့ရှိ ခြင်း။ • ကျေးရွာတွင် ဖွံ့ဖြိုးရေး၊ လူမှုရေးအဖွဲ့များ ဖွဲ့စည်းထား ရှိ ခြင်း	• ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ ကျား (၂၉၃) ဦး နှင့် မ (၂၈၀) ဦး၊ စုစုပေါင်း (၅၇၃) ဦး ဖြစ်ပြီး ကျေးရွာ လူဦးရေ၏ (၆၃)% ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက် သင်ကြားနေသူ(၁၇) ဦး၊ တက္ကသိုလ် တက်ရောက် နေသူ (၅) ဦး၊ တက္ကသိုလ် ဘွဲ့ရ (၈) ဦး စသည်ဖြင့် တစ်နှစ်ထက် တစ်နှစ် ပညာတတ်ဦးရေ များပြားလာသော ကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် လူစွမ်းအား အရင်း အမြစ်များ ရှိနေပါသည်။ • လူငယ်များအားကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ထိရောက်စွာ ပံ့ပိုးမှုပေးနိုင်ပါက ကျေးရွာ၏ လူ့အရင်းအမြစ် တိုးတက်မှုနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး အတွက် အလားအလာကောင်းများ ရှိနေပါသည်။ ထို့အပြင် ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲပြီး

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
	ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထ ကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ် သည်။ • ကျေးရွာတွင် ဖွံ့ဖြိုးရေးကို ဦးဆောင်လုပ်ကိုင်နေသော အဖွဲ့ပေါင်း ၁၃ ဖွဲ့ရှိပြီး စိတ်အားထက်သန်မှုရှိသည်။
သီးနှံ ထုတ်လုပ် ရေး	
• သီးနှံအထွက်တိုးစေသော အခြေအနေ ကောင်းများ	• လက်ရှိစပါး၊ မြေပဲနှင့် ပဲစဉ်းငုံမျိုးများမှာ သီးနှံအထွက်နှုံး နည်းသည်။ အထွက်တိုး မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုး ပါ က သီးနှံအထွက် တိုးလာမည်။ • မြေဆီဩဇာနည်းပါးမှု၊ သီးနှံအထွက်နည်းပါးမှုနှင့် ဈေးကွက် မတည်ငြိမ်မှု တို့ကြောင့် လက်ရှိပြောင်း ဖူးစိုက်ပျိုးရေးမှ တောင်သူများ အရှုံးပေါ်လျက်ရှိသည်။ ထို့ကြောင့် တောင်သူ များမှ ပြောင်းဖူးအစား နှမ်းကို စမ်းသပ်စိုက်ပျိုးရန် များစွာ စိတ်ဝင်စားကြသည်။ အကယ်၍ နှမ်းစမ်းသပ်စိုက်ပျိုး အောင်မြင်ပါက တောင်သူများ ဝင်ငွေတိုးလာနိုင်ပါသည်။ • လက်ရှိကျေးရွာတွင် တောင်သူများမှာ ချေးငွေကို လက်လှမ်း မီနိုင်ခြင်းမရှိပါ။ ထို့ကြောင့် တောင်သူများမှ အချိန်မီ စိုက်ပျိုး ခြင်း၊ လုံလောက်သော သွင်းအားစုများထည့်သွင်း အသုံးမပြု နိုင်ခြင်းတို့ကြောင့်လည်း သီးနှံများ အထွက်နှုံး လျော့နည်း နေခြင်း ဖြစ်ပါ သည်။ • လက်ရှိ စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများကို အလုံ အလောက် မရရှိကြပါ။ တောင်သူများမှာ ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို စနစ်တကျ အသုံးပြုရန် နည်းပညာနှင့် ဗဟုသုတ အားနည်းနေသေးသည်။ ထို့ကြောင့်လည်း အလေ အလွင့် ဆုံးရှုံးမှုများခြင်း၊ အန္တရာယ်များခြင်း၊ ပိုးမွှားများ ခံနိုင်ရည်ရှိလာခြင်း၊ မြေဆီလွှာများ ပျက်စီးလာခြင်း၊ ထိရောက်မှု နည်းခြင်းတို့ ကြုံရ သည်။ • ပြောင်းဖူးကို နှစ်စဉ်တနေရာတည်းတွင် သီးသန့်စိုက်ပျိုးခြင်း၊ ပဲမျိုးစုံနှင့် ရောနှောစိုက်ပျိုးလေ့မရှိခြင်း၊ မြေကြီးကို ဖုန်းအုပ်မှု နည်း၊ ဓါတ်မြေဩဇာများကို စနစ်တကျ အသုံးမပြုခြင်း တို့ကြောင့် မြေသားဖွဲ့စည်းမှုများ ပျက်စီးခြင်း၊ မြေအစိုဓါတ် ထိန်းထားနိုင်မှု နည်းခြင်းတို့ကြောင့် မြေဆီဩဇာများ တဖြည်း ဖြည်းခမ်းခြောက်လာပြီး သီးနှံအထွက် ကျဆင်းလာသည်။ အကယ်၍ မြေဆီလွှာပြုပြင် ထိန်းသိမ်းနည်းဗဟုသုတများ ရရှိပြီး လက်တွေ့ကျင့်သုံးလာပါက မြေသားဖွဲ့စည်းမှုနှင့် မြေဆီဩဇာများ ကောင်းလာပြီး သီးနှံအထွက် တိုးလာမည် ဖြစ်ပါသည်။ • ရာသီ သီးနှံများကိုသာ စိုက်ပျိုးကြသဖြင့် ရာသီဥတုဖေါက်ပြန် ခြင်း၊ မိုးခေါင်ခြင်း၊ စသည်တို့ကြောင့် သီးနှံများ စိုက်ပျိုး အောင်မြင်မှု နည်းသည်။ နှစ်ရှည်ပင်စိုက်ပျိုးရန် ရေ၊မြေ၊

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
	ရာသီဥတုသင့်တော်သည်။ ဈေးကွက်ကောင်းသည်။ စိုက်ပျိုးရန် နည်းပညာ အရင်းအနှီးအခက်အခဲရှိသည်။ ထိုကြောင့် နှစ်ရှည်ပင်စိုက်ပျိုးခြင်း နည်းပညာ သင်တန်းများ ရရှိမည် ဆိုပါက တောင်သူများ ဝင်ငွေတိုးလာမည်။ သဘာဝ ပါတ်ဝန်း ကျင်လည်း စိမ်းလန်းစိုပြေလာမည်။ • သီးနှံအထွက်နှုန်းနည်းသဖြင့် မြေယာမဲ့နှင့်တောင်သူငယ်များမှာ မိုးတွင်းဝမ်းစာအတွက် များစွာ အခက်အခဲရှိကြသည်။ ထို့ကြောင့် သီးနှံပေါ်ချိန်၊ ဈေးသက်သာချိန်တွင် သီးနှံများ ဝယ်ယူသိုလှောင်ပြီး မိုးရာသီတွင် အတိုးနည်းနည်းဖြင့် ချေးငှါးပေးသည်စနစ်ရှိပါက ဆင်းရဲသားများ မိုးတွင်းဝမ်းစာ အခက် အခဲကို ဖြေရှင်းနိုင်မည်။
တိရစ္ဆာန် မွေးမြူရေး • မွေးမြူရေးတိုးတက်ထုတ်လုပ်ရန် အခြေအနေကောင်းများ	• တိရိစ္ဆာန် မွေးမြူရန် ရေ၊ မြေနှင့် စိုက်ပျိုးရေး စွန့်ပစ်အစာ အလုံအလောက် ရရှိနိုင်ခြင်း။ • တိမွေးကုမှ ဝန်ဆောင်မှု အလွယ်တကူရရှိနိုင်။ • ခိုင်းနွား၊ နွားသားပေါက်၊ ဝက်၊ ကြက် ဈေးကွက် ကောင်းသည်။ • မွေးမြူရေးဗဟုသုတနည်းသောကြောင့် နှစ်စဉ်ရာသီရောဂါများ ကျရောက်မှုကြောင့် များစွာဆုံးရှုံးမှု ရှိသည်။ ထို့ကြောင့် ကာကွယ်ခြင်း၊ ကုသခြင်းများ ပြုလုပ်ပေးပါက မွေးမြူရေးပိုမို အောင်မြင်လာမည် ဖြစ်သည်။
စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင် ငွေရ လုပ် ငန်းများ • ဝင်ငွေတိုး အသက်မွေးဝမ်း ကျောင်း လုပ်ငန်းများ တိုးတက် စေသော အခြေအနေကောင်းများ	• ဆင်းရဲ တောင်သူနှင့် မြေယာမဲ့များအတွက် အတိုးနှုံး သက်သာ သော ချေးငွေ မရှိပါ။ • အရင်းအနှီးရှိပါက လက်ရှိကျွမ်းကျင်သော ပန်းရံလုပ်ငန်း၊ လက်သမားလုပ်ငန်း၊ အိမ်ဈေးဆိုင်လုပ်ငန်း၊ ပန်းဘဲလုပ်ငန်း များ တိုးတက်လာနိုင်သည်။ • လက်ရှိတွင် ဆင်းရဲသားမိသားစုများမှာ အသက်မွေးပညာ ကျွမ်းကျင်မှု အားနည်းသောကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းသည်။ ၎င်းနည်းပညာများ ကျွမ်းကျင်မှုရှိပါက ပုံမှန်အလုပ် အကိုင်နှင့် ဝင်ငွေများ ရ ရှိလာမည်။
ချေးငွေ ဝန်ဆောင်မှု • ငွေကြေးဝန်ဆောင်မှု တိုးတက် စေသော အခြေအနေကောင်းများ	•
ပညာရေး • ပညာရေးဖွံ့ဖြိုးတိုးတက်စေသော အခြေအ နေကောင်းများ	• ကျေးရွာတွင် အလယ်တန်းကျောင်းရှိသည်။ ဆရာအင်အား အပြည့်အစုံရှိ သည်။ • အောင်ချက်ကောင်းမွန်ခြင်း၊ မိဘဆရာပူးပေါင်းဆောင်ရွက်မှုကောင်းမွန်ခြင်း၊ ကျောင်းအသုံးအဆောင် အသင့်အတင့်ပြည့်စုံကောင်းမွန်ခြင်း၊ လွိုင်ကော်နှင့် နီးခြင်းတို့ကြောင့် အထက်တန်းနှင့်တက္ကသိုလ် တက်ရောက်ရန်၊ကျေးရွာပညာရေးတိုးတက်ရန်အလားအလာရှိသည်
ကျန်းမာ ရေး	

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
• ကျန်းမာရေးတိုးတက်စေသော အခြေအနေ ကောင်းများ	• ကျန်းမာရေး အရေးပေါ်ဖြစ်ပါက လွိုင်ကော်နှင့် နီးပြီး ဆေးရုံသို့ အလွယ်တ ကူ သွားရောက်နိုင်သည်။ • စက်ရေတွင်းများ တူးဖော်ပါက သောက်ရေအလုံအလောက် ရရှိလာမည်။ တကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးလည်း ပိုမိုကောင်းမွန်လာမည်။ • ကျေးရွာသူ/သားများကို အရံသားဖွါးသင်တန်းနှင့် ကျန်းမာရေးလုပ်သား သင်တန်း ရရှိပါက ကျန်းမာရေးဝန်ဆောင်မှု ကောင်းလာမည်။
ရေ အရင်းအ မြစ်	
• သောက်ရေရရှိနိုင်သော အခြေအ နေကောင်း များ	• သောက်ရေအတွက် ရေတွင်း (၄) တွင်း၊ အဝီစိတွင်း (၃) တွင်း၊ စက်အဝီစိတွင်း ၄ တွင်းရှိသည်။ • ပေ ၇၀၀၀ ဝေးသော ထေးရီ ရေထွက်မှ စိမ့်စမ်းရေ သွယ်ယူကာ တရွာလုံးအသုံးပြုနေကြရသည်။ အကယ်၍ စက်အဝီစိတွင်းကို နက်နက် တူး ၍ စက်ဖြင့် ရေတင် နိုင်ပါက သောက်ရေလုံလောက်မည်။
လမ်း၊ တံတား	
• ကျေးရွာလမ်း၊တံတားများတိုး တက်ကောင်း မွန်စေသော အခြေ အနေကောင်းများ	• ကျေးရွာမှ လွိုင်ကော်သို့ ချဉ်းကပ်လမ်း မှာ ကောင်းမွန်ပြီး အချိန်မရွေး၊ ရာသီမရွေး၊ ယဉ်မျိုးစုံ သွားလာနိုင်သည်။
လူငယ် နှင့် ယဉ်ကျေးမှု	
• လူငယ် ကဏ္ဍဖွံ့ဖြိုးတိုးတက်စေ သော အခြေ အနေကောင်းများ	• အားကစားတွင် လေ့လာလိုက်စားမှုအားကောင်းပြီး ဆုရရှိ ကြသည်။ ရိုးရာ အဆိုအကပြိုင်ပွဲများတွင်လည်း ဆုရရှိဖူး ကြသည်။ ယဉ်ကျေးမှုထိန်းသိမ်းမှုကောင်းသည်။ • ကျေးရွာဖွံ့ဖြိုးရေးနှင့်သာရေး၊နာရေးများတွင်လည်းတက်ကြွစွာ ပါဝင်လှုပ် ရှားကြသည်။ • လူငယ်များစည်းလုံးမှုရှိသည်။ ဝါတွင်းကာလ ဥပုပ်စောင့်ခြင်း၊ ခမ္မစကြာ် ရွတ် ခြင်း၊ ဘုန်းကြီးကျောင်း သန့်ရှင်းရေးတို့ကို ပြုလုပ်ကြသည်။ • တယ်လီဖုန်းအင်တာနက် အသုံးပြုကြသည်။ စာကြည့်တိုက် ရှိပြီး စာဖတ်လေ့ ရှိသည်။
လျှပ်စစ်မီးအခြေအနေ	
• လျှပ်စစ်မီးလင်းရေး အခြေအနေ ကောင်းများ	• လျှပ်စစ်မီးရရှိ ရန် ကြိုးစားနေကြသည်။
ကျေးရွာတည်နေရာ အချက်အချာ ကောင်းမွန်ခြင်း	
• ကျေးရွာ၏ တည်နေရာကောင်းမွန်မှုနှင့် ပါတ်သက်၍ အခြေအနေ ကောင်းများ	• ကျေးရွာ၏ တည်နေရာသည် မြို့တော်လွိုင်ကော်၏ အရှေ့မြောက်ဖက် ၈ မိုင်ခန့်အကွာအဝေးတွင် တည်ရှိပြီး အချိန်မရွေး။။ ရာသီမရွေး၊ ယာဉ်မျိုးစုံ သွား လာနိုင်သည်။ လမ်းပန်းဆက် သွယ်ရေး၊ ဈေးကွက်အားလုံး ကောင်းမွန်သည်။ ရွာ၏

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
	အနောက်ဖက်တွင် လယ်ကွင်း၊ အရှေ့ဘက်တွင် တောင်ကုန်းနှင့် ယာမြေများရှိသည်။

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
<u>အဖွဲ့အစည်းဆိုင်ရာကဏ္ဍ</u>	
ကျေးရွာတွင်းလက်ရှိအဖွဲ့အစည်းများ နှင့် ပါတ်သက်၍ အဟန့်အတား ဖြစ်စေသော အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးကို စီမံချက်ဖြင့် စနစ်တကျဆောင်ရွက်သည့် အစီအစဉ်မရှိခဲ့ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ အခြေခံ သဘောတရားများအား သိကျွမ်းမှုအားနည်းခြင်း၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှုအားနည်းပြီး ဦးဆောင်မည့် အဖွဲ့အစည်း မရှိသေးခြင်း။ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။
<u>စိုက်ပျိုးရေး (သီးနှံ)</u>	
• သီးနှံထုတ်လုပ်မှုတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အခြေ အနေများ	• ယခင် နွားလဝိုးဆည်မှ စိုက်ပျိုးရေ ရရှိသော်လည်း ၂၀၁၃ ခုနှစ်တွင် ဆည်မြောင်းဌာနမှ ပြုပြင်ပြီးနောက်ပိုင်း စိုက်ပျိုးရေမရရှိပါ။ မိုးရေးကိုသာ အားကိုးနေရသဖြင့် အချိန်မီ စိုက်ပျိုးနိုင်ခြင်းမရှိ။ ရေမလုံလောက်။ • လယ်သမားများအတွက် ချေးငွေ ရရှိနိုင်မည့်စနစ် နှင့် နေရာမရှိခြင်း။ • လက်ရှိ စပါး၊ မြေပဲ၊ ပဲစင်းငုံ မျိုးများမှာ ထွက်နှုန်းနည်းပြီး မျိုးညံ့နေခြင်း။ • လယ်နှင့် ယာမှ သီးနှံ အထွက်နှုန်းနည်းသောကြောင့် ဝမ်းစာဖူလုံမှု မရှိကြပါ။ • အရင်းအနှီးနှင့် နည်းပညာနည်းပါး။ • မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်းမသိ။ • ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးစနစ်တကျ သုံးစွဲနည်း မသိ။

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
<u>မွေးမြူရေး</u>	
• မွေးမြူရေးတိုးတက်မှုကို အဟန့်အ တား ဖြစ်စေသော အခြေ အနေများ	• ချေးငွေမရရှိနိုင်ခြင်း။ • မွေးမြူရေးနည်းစနစ်များနှင့် အလှမ်းဝေးခြင်း။ • ရိုးရာအရ အခြားတိရိစ္ဆာန်များမွေးမြူရန် ကန့်သတ်ချက်ရှိနေခြင်း။ • အသိပညာနည်းခဲ့သဖြင့် ယခင် ကန်ဟောင်းကို ထိန်းသိမ်းခဲ့ခြင်း မရှိ။ ယခု ပြုပြင်လိုသော်လည်း ငွေကြေးမတတ်နိုင်။
<u>အခြားစီးပွားရေးလုပ်ငန်းများ</u>	
• ဝင်ငွေတိုးအသက်မွေးလုပ်ငန်း များတိုးတက်မှုကို အဟန့်အတား ဖြစ်စေသော အ ခြေအနေများ	• တောင်ယာလုပ်ငန်းမှလွဲ၍ အခြားအသက်မွေးဝမ်း လုပ်ငန်း များကျွမ်းကျင်မှု အားနည်းခြင်း • ပြင်ပနှင့် အဆက်အသွယ် နည်းပါးခြင်း။ • စိုက်ပျိုးရေးထွက်ကုန် အခြေပြုကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးမှု မရှိခြင်း • ပုံမှန်သွားလာသည့် လူထုသယ်ယူပို့ဆောင်ရေး ယာဉ်မရှိခြင်း။ • ဆင်းရဲသားများအတွက် ငွေချေးစနစ်မရှိခြင်း။ ချေးငွေ လက်လှမ်း မမီခြင်း၊ အတိုးနှုန်းမြင့်မားခြင်း
ချေးငွေ ဝန်ဆောင်မှု	
• ငွေကြေးဝန်ဆောင်မှု အဟန့်အတားများ	• ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုစနစ်မရှိသေး။ တိုးတက်မှု လိုအပ်နေ သေး သည်ကို တွေ့ရသည်။
<u>ပညာရေး</u>	• မိဘများမှ ဆင်းရဲသောကြောင့် အထက်တန်းနှင့် တက္ကသိုလ်ကို လွှဲင်ကော် သွားရောက်ပညာသင်ရန် ကျောင်းဆက်မထားနိုင်ကြပါ။
• ပညာရေးတိုးတက်မှုကို အဟန့် အတားဖြစ်စေသော အခြေအနေ များ	• ဆင်းရဲသောကြောင့်ကျောင်းပရိဘောဂ၊စာသင်ခုံ နှင့် ကျောင်းသုံး အိမ်သာအတွက် ပညာရေး ရံပုံငွေ မရှိ။
<u>ကျန်းမာရေး</u>	• ဆေးခန်းမှာ အုပ်စုကျေးရွာတွင်သာ ရှိပြီး မိမိတို့ ကျေးရွာတွင် ဆေးခန်းနှင့် သားဖွါးဆရာမ မရှိပါ။ အရေးပေါ်မြွေကိုက်၊ မီးဖွါး ကိစ္စများတွင်များစွာ အခက် အခဲရှိသည်။
• ကျန်းမာရေးတိုးတက်မှုကို အဟန့် အတားဖြစ်စေသော အခြေအနေ များ	• စက်ရေတွင်းတူးဖေါ်ရန် အရင်းအနှီးမတတ်နိုင်ကြ ပါ ။ • ကျန်းမာရေးဝန်ဆောင်မှု၊ ပညာပေးအစီအစဉ် အားနည်းသည်။
<u>ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား</u>	• လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များ စနစ်တကျ ဆောင်ရွက်မှုများ မရှိခြင်း
• လူငယ်များဖွံ့ဖြိုးရေးကို အဟန့် အ တားဖြစ်နေသော အခြေအနေ များ	• လျှပ်စစ်မီး မရှိသေးသောကြောင့် တီဗီ၊ ဗွီဒီယို မရှိ။ • လူငယ်များ အထူးသဖြင့် အမျိုးသမီးငယ်များ၏ အားကစား အလေ့အကျင့်မရှိ။ ပအိုဝ်ယဉ်ကျေးမှုကို ထိန်းသိမ်းကြသော်လည်း စာအုပ်၊ စာပေ ပြည့်စုံ မှုမရှိ။ လေ့လာသင်ယူရန် အခက်အခဲရှိ။ • လျှပ်စစ်မီးမရှိသဖြင့် အင်တာနက်တပ်ဆင်နိုင်ခြင်းမရှိပါ။ အချို့ တယ်လီဖုန်း ရှိသော်လည်း အင်တာနက်အသုံးပြုရန် ကျွမ်းကျင်မှု အားနည်းသည်။ • အသက်မွေးလုပ်ငန်းများနှင့် အင်္ဂလိပ်စာ၊ ကွန်ပျူတာ ကျွမ်းကျင်မှု အားနည်းခြင်း၊ အဆက်အသွယ်မရှိခြင်းကြောင့် လူငယ်များ အနေဖြင့်သင့်တော်သောအလုပ်အကိုင်ရရှိရန်အခွင့်အလမ်းနည်းပါးသည်။

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
<u>ကျေးရွာအတွင်းရှိအခြေခံ အဆောက်အဦးများ</u>	
• ကျေးရွာ အခြေခံ အဆောက်အဦးများတိုးတက်မှုကို အဟန့်အတား ဖြစ်နေသော အခြေအနေများ။	• မြေသားလမ်းဖြစ်သဖြင့် မိုးရာသီတွင် သွားလာမှု ခက်ခဲသည်။ ပြုပြင်ရန်မ တတ် နိုင်ကြပါ။
<u>လျှပ်စစ်မောတ်အားသုံးစွဲ ရေး</u>	
• ကျေးရွာတွင် လျပ်စစ်မီးလင်းရေး နှင့် ပါတ်သက်၍ အဟန့်အတား ဖြစ်နေသော အခြေအနေများ။	• လျှပ်စစ်မီးရရှိရန် ကိုယ်ထူကိုယ်ထကျိုးစားလျက် ရှိသည်။

လယ်ထွဲကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက် - ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
❖ **စီမံအုပ်ချုပ်မှု**					
• ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းကိစ္စများအကောင်အထည် ဖော်ခြင်းနှင့် ဆုံးဖြတ်ချက်ချရာတွင်လူထု၏ပူးပေါင်းပါဝင်မှုအားနည်းသည်။ • လူထုအားလုံးနှင့် ဆိုင်သော လက်ရှိလူထုအဖွဲ့အစည်းများကြားစေးကပ်မှုနှင့် အပြန်အလှန် ဆက်သွယ်မှု အားနည်းသည်။	• လူမှုရေးနှင့် လူထုကိစ္စများတွင် ဒီမိုကရက်တစ် အလေ့အကျင့်များအတွေ့အကြုံမရှိသေးခြင်း။ • ကျေးရွာဘက်စုံဖွံ့ဖြိုးရေး အစီအစဉ်များတွင်လည်း အတွေ့အကြုံ မရှိသေးခြင်း။ • ကျေးရွာတခုလုံးခြုံငုံသည့် ဖွံ့ဖြိုး ရေးလုပ်ငန်းများကို ဦးဆောင် မည့် အမာခံအဖွဲ့အစည်း မရှိခြင်း။	• နိုင်ငံတော်အစိုးရ အစီစဉ်၊ NGOများ၏ဖွံ့ဖြိုးရေး အစီ အစဉ်တို့ ကြောင့် ကျေးရွာ လူထုတွင် အစုအဖွဲ့စနစ်၊ စုဝေးတိုင်ပင်သည့် အလေ့အကျင့်များရှိနေခြင်း။	• ကျေးရွာရှိအဖွဲ့အစည်းများ ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မ ပြတ်အကူအညီပေးရေးစနစ်မရှိသေးခြင်း	• လက်တွေ့လုပ်ငန်းခွင်သင်တန်းများမှတဆင့် ကျေးရွာ အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုစွမ်းရည်အလေ့အကျင့်များနှင့် ဗဟုသုတများအတွက်နည်းပညာအကူအညီ များ ရရန် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ • အဖွဲ့အစည်းများဆက်သွယ်ပြီးအမာခံအဖွဲ့အစည်းအဖြစ် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းတည်ထောင်ခြင်း	• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် အခြား အဖွဲ့အစည်းများကို အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်တည်ဆောက် ခြင်း။ • စီမံကိန်းများမှာ ○ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်း။ ○ အဖွဲ့အစည်းဆိုင်ရာ နည်းစနစ်။ ○ ဒီမိုကရက်တစ်အုပ်ချုပ်မှု၊ အမြင်ကြည်လင်မှုနှင့် တာဝန်ခံမှု။ ○ မတူခြားနားသည့် ကော်မတီများအ ကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် ချိတ်ဆက်ဆောက် ရွက်ခြင်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
				• လက်ရှိကျေးရွာရှိအဖွဲ့ အစည်းများနှင့် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ များ၏ အဖွဲ့အစည်း ဆိုင်ရာ စီမံခန့်ခွဲမှု စွမ်း ရည် တည်ဆောက်ခြင်း။	
❖ **စိုက်ပျိုးရေး**					
လယ်စပါး၊ မြေပဲနှင့် ပဲစဉ်းငုံ အထွက်နည်း။	• ဆည်ရေမရရှိ။ • မိုးခေါင်သဖြင့် မိုးရေလည်း လုံလောက်မှုမရှိ။ • လက်ရှိမျိုးများမှာ အထွက်နှုံး ညံ့သည်။	• အထွက်ကောင်းမျိုးသန့် များကို ဒေသအတွင်း ဝယ်ယူရရှိ နိုင်မည်။	• အရင်းအနှီးမရှိ။ • အဆက်အသွယ်မရှိ။	• မြန်မာ့စိုက်ပျိုးရေးနှင့် ဆက်သွယ်၍ ဒေသနှင့် သင့်တော်သော သက် တမ်းတိုအထွက်ကောင်း မျိုးများ စိုက်ပျိုးခြင်း	၃. စပါး၊ မြေပဲနှင့် ပဲစဉ်းငုံ မျိုးကောင်းမျိုးသန့် စိုက်ပျိုးခြင်း။
• ပြောင်းဖူးစိုက်ပျိုး ခြင်းမှ အရှုံးနှင့် ရင်ဆိုင်နေရသည်။	• ပြောင်းဖူး အထွက်နည်း ခြင်း။ • နှစ်စဉ် ပြောင်းဖူးစိုက်သဖြင့် မြေဆီသြဇာများ လျော့နည်း လာခြင်း။ • ပြောင်းဖူးဈေးနှိမ်ခံရခြင်း။	• ပြောင်းဖူးကို နှစ်စဉ် ယာမြေ (၁၁၀၀) ဧကခန့် စိုက်ပျိုးကြ သည်။	• ဒေသနှင့် သင့်တော်သော သီးနှံ အစားထိုး စိုက်ပျိုး ရန် စိတ်ဝင်စား။	• မြန်မာ့စိုက်ပျိုးရေးမူ နည်း ပညာ၊ ဗဟုသုတ နှင့် အတွေ့အကြုံများ ရယူခြင်း။ • စမ်းသပ်စိုက်ပျိုးခြင်း။	၄။ ပြောင်းဖူးအစား နှမ်း စမ်းသပ် ကွက် ပြုလုပ်ခြင်း။
• စိုက်ပျိုးရေး ချေးငွေ လက်လှမ်း မမီခြင်း။	• စိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ် နှင့် အခြားအရင်းအနှီး ပံ့ပိုး သော အဖွဲ့အစည်းများနှင့် အချိတ်အဆက် မရှိခြင်း။	• စိုက်ဘဏ်နှင့်အခြားဖွံ့ဖြိုး ရေးအဖွဲ့အစည်းများဒေသ အတွင်းရှိသည်။	• အချိတ်အဆက် မရှိ။	• စိုက်ဘဏ်နှင့် အခြား ဖွံ့ဖြိုးရေးအဖွဲ့အစည်း များနှင့် ချိတ်ဆက်၍ ချေးငွေ ရရှိရန် ဆောင်ရွက်ခြင်း။	၅.ကျေးရွာချေးငွေအရင်းအနှီး ထူထောင်ခြင်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
	• သင့်တော်သောအတိုးနှုန်းဖြင့် ချေးငွေလက်လှမ်းမမီနိုင်ခြင်း				
• မြေဩဇာပိုးသတ်ဆေးများကိုအလွန်အကျွံသုံးစွဲနေကြသည်။ နည်းစနစ်အားနည်း သည်။	• ဘက်စုံပိုးမွှားကာကွယ်နည်းနည်းပညာဗဟုသုတ အားနည်းသည်။	• နည်းပညာ ပံ့ပိုးပေးနေသော စိုက်ပျိုးရေး ကုမ္ပဏီများရှိ။	• လုံလောက်သော နည်းပညာမရ။ အရောင်း အားမြှင့်တင်ရေး အဓိက ရည်ရွယ် သင်တန်း များပေးနေကြသည်။	• တောင်သူများအား ဘက်စုံ ပိုးမွှားကာကွယ်နည်းသင်တန်းနှင့် ဗဟုသုတများ ရရှိရန် ဖန်တီးပေးခြင်း။	၆။ စနစ်တကျမြေဩဇာ၊ ပိုးသတ်ဆေးသုံးနည်းသင်တန်း။
• ဟင်းသီး/ရွက်စိုက်ခင်းများ မြေကြီးမြေသား ဖွဲ့စည်းမှုမကောင်း၊ အစိုဓါတ်မထိန်းနိုင်၊ တဖြည်းဖြည်း မြေဆီဩဇာခမ်းခြောက်မှုရှိ။	• ပြောင်းဖူးကဲ့သို့ သီးနှံများကို နှစ်စဉ်ဆက်တိုက် တနေရာတည်း တသီးစား စိုက်ပျိုးခြင်း၊ • မြေဆီလွှာ ထိန်းသိမ်းခြင်း ဆိုင်ရာ ဗဟုသုတ အားနည်းခြင်း။	• ကောက်ရိုးမြက်ခြောက် အလုံ အလောက်ရှိ။ • သဘာဝ နွားချေး မြေဩဇာများရှိသည်။	• မြေဆီလွှာ ထိန်းသိမ်း နည်းပညာဗဟုသုတ နည်းပါး။ • နွားချေးလုံလောက်မှု မရနိုင် ခြင်း။	• တောင်သူများ ဒေသနှင့် သင့်တော်သော မြေဆီလွှာ ထိန်းသိမ်း နည်းပညာ၊ ဗဟုသုတ သင်တန်းများရရှိနိုင်ရန်ဖန်တီးပေးခြင်း။	၇. မြေဆီလွှာထိန်းသိမ်းနည်းသင်တန်း ၈. စိုက်/ မွေး သင်တန်း
• နှစ်ရှည် သီးနှံစိုက်ပျိုးခြင်းအလွန်နည်းသည်။ သစ်တောပြုန်းတီးပြီး ရာသီဥတု ဖေါက်ပြန်သည်။	• သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းရန်အတွက် နှစ်ရှည်ပင် စိုက်ပျိုးရန် အသိပညာနှင့် အရင်းအနှီးမရှိခဲ့ကြ။	• နှစ်ရှည်ပင်စိုက်ပျိုးရန်မြေဧရိယာရှိ။ • ဒေသနှင့် သင့်တော်သော နှစ်ရှည်ပင်များရှိသည်။	• နည်းပညာနှင့် ဗဟုသုတ နည်းသည်။ • အရင်းအနှီးမရှိကြပါ။	• နှစ်ရှည်ပင် စိုက်ပျိုးနည်း သင်တန်းရရှိရန် သက်ဆိုင် ရာအစိုးရဌါနများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။	၉။ နှစ်ရှည်ပင် စိုက်ပျိုးနည်းသင်တန်း
• အများစုမှာစိုက်ပျိုးမြေ ရှိသော်လည်း မိုးတွင်း ရိက္ခာလုံလောက်မှုမရှိ။	• ဆည်ရေမရခြင်း၊ မိုးခေါင်ခြင်း၊ မြေဩဇာညံ့ခြင်း တို့ကြောင့် ရိက္ခာထုတ်လုပ်မှု နည်းသည်။	• ဒေသအတွင် ဆန်၊ စပါး အလွယ်တကူဝယ်ယူရရှိနိုင်	➢ မိုးရာသီတွင် အလုပ်အကိုင်နည်း၊ဝင်ငွေနည်း။	မိုးရာသီအတွက် ရိက္ခာဘဏ်ထူထောင် ခြင်းဖြင့် ဆင်းရဲသားများ မိုးတွင်းရိက္ခာ လက်လှမ်းမီနိုင်။	၁၀. စပါးဘဏ်ထူထောင်ခြင်းလုပ်ငန်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
❖ **တိရိစ္ဆာန်မွေးမြူရေး**					
• မွေးမြူရေးမှထုတ်လုပ်မှုနှင့် ဝင်ငွေနည်းသည်။ • ဗဟုသုတနည်းပါးခြင်း	• နွားကို အိမ်တိုင်းနီးပါး မွေးမြူ ကြသော်လည်း နှစ်စဉ်ရာသီ အလိုက် ရောဂါများ ကျရောက် ပြီး ဆုံးရှုံးမှု ရှိသည်။ • ရိုးရာယဉ်ကျေးမှုအရ အခြား အိမ်မွေးတိရိစ္ဆာန်များ မမွေးမြူကြခြင်း။ • နည်းပညာဗဟုသုတနည်းသည်။	• အိမ်မွေးတိရိစ္ဆာန်မွေးမြူရန် အစာနှင့် ရေရရှိ။ • ဈေးကွက်ကောင်းပြီး ဈေးကွက် အလုံအလောက်ရှိ။ • လိုအပ်ပါက တိ/မွေး/ကုဋီးစီး နှင့် အလွယ်တကူ ဆက်သွယ် ပြီး ကုသမှု ခံယူနိုင်ခြင်း။	• ဗဟုသု တလုံလောက်မှု မရှိ။ • မျိုးကောင်းမျိုးသန့်နှင့် အရင်းအနှီး လုံလောက်မှု မရှိ။	• မွေးမြူရေး ချေးငွေ လက်လှမ်းမီရန် ချိတ်ဆက် ဆောင်ရွက်ခြင်း။ • တိမွေးကု ဦးစီးဌာနနှင့် အခြား ဖွံ့ဖြိုးရေးအဖွဲ့များ နှင့် ချိတ်ဆက်၍ မွေးမြူရေးပညာနှင့် ဗဟုသုတများ ရရှိနိုင်ရန် ချိတ်ဆက် ဆောင်ရွက်ခြင်း။	၁၁. မွေးမြူရေး သင် တန်း ၁၂. နွား၊ ဝက်မွေးမြူ တပိုင်တနိုင် မွေးမြူခြင်း
• ငါးမွေးရန် အခက်အခဲ ရှိသည်။	• ယခင်က မွေးမြူသော ငါးကန် ပျက်စီးနေသည်။	• ယခင်အဖိုးအဖွားများ မွေးမြူခဲ့သော ငါးကန် အဟောင်း (၄) ဧက ရှိသည်။	• ယခုအခါ ၎င်းငါးကန်မှာ ဟောင်းနွမ်းပျက်စီးနေသည်။	• ၎င်းငါးကန်ကို ပြုပြင်နိုင်ပါ က ငါးမွေးမြူသည့်အပြင် အခြားတိရိစ္ဆာန်မွေးမြူရေး အတွက်လည်း ရေအလွယ်တကူ ရရှိလာမည်။	၁၃။ ငါးကန်ပြုပြင်ခြင်း
❖ **လယ်ယာလုပ်ငန်းမဟုတ်သော ဝင်ငွေတိုးလုပ်ငန်းများ**					
• ပုံမှန်သွားလာသည့် ယာဉ်မရှိသော ကြောင့်သယ်ယူပို့ဆောင်စရိတ်ကြီးမား	• လယ်ယာထုတ်ကုန်တင်ပို့ရောင်းချရာတွင် စရိတ်ကုန်ကျ မှုများသည်။	• ဈေးကွက်နှင့်နီးသည်။ • လယ်ယာ ထွက်ကုန်နှင့် ဟင်း သီး/ရွက်များ	• သယ်ယူပို့ဆောင်ရေး ယာဉ် အတွက် အရင်းအနှီး မရှိ။	• စိတ်ဝင်စားသူများ အတွက် သုံးဘီးယာဉ် ထူထောင်နိုင်ပါက သွားလာရေး လွယ်	၁၄။ သုံးဘီးတက္ကစီယာဉ် ထူထောင်ခြင်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
ဆင်းရဲသားများအလုပ် အကိုင် အခွင့်အလမ်း နည်းပါးပြီး ဝင်ငွေ နည်း သည်။		စိုက်ပျိုးထုတ်လုပ်ကြသည်။		ကူပြီး ဆင်းရဲသားများ အလုပ်အကိုင်ပေါ်ပေါက်လာ မည်။	
• ပန်းရံလက်သမားများ အလုပ်အကိုင် နည်းပါးသည်။	• လက်ရှိပန်းရံနှင့် လက်သမားများ ကျွမ်းကျင်မှု နည်းနေသေးသည်။	• ကျေးရွာတွင် ပန်းရံ၊ လက်သမားလုပ်ငန်းများ ဖြင့် အသက်မွေးသည့် မိသားစုများရှိ။ • နည်းပညာပံ့ပိုးပေးနေသော အဖွဲ့အစည်းများ လည်း ရှိသည်။	• လေ့လာသင်ယူရန် အချိတ်အဆက်မရှိ။ • သင်တန်းကုန်ကျစရိတ် မတတ်နိုင်ကြပါ။	• ပန်ရံ၊ လက်သမား စွမ်းရည်မြှင့် သင်တန်းများ ကို ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် အခြားဒေသတွင်း ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်ပေးပါကဆင်းရဲသားများ အလုပ်အကိုင်နှင့် ဝင်ငွေတိုး လာမည်။	၁၅။ ပန်ရံ လက်သမား စွမ်းရည်မြှင့် သင်တန်း
❖ **ကျန်းမာရေး**					
• သောက်သုံးရေ လုံလောက်မှုမရှိ။	• နွေရာသီတွင်လက်ရှိ ရေတွင်း များ ရေခမ်း ခြောက်လေ့ရှိသည်။	• မြေအောက်စက်ရေတွင်း တူးဖော်ပါက သောက်ရေ ရရှိနိုင်သည်။။	• မြေအောက်စက်ရေတွင်း တူးရန်ငွေအရင်းအနှီးမရှိ။	• မြေအောက်ရေစီမံကိန်း ဌာန၊ လူသားချင်း စာနာသောဖွံ့ဖြိုးရေးအဖွဲ့များ နှင့် ချိတ်ဆက်၍ စက်ရေတွင်း တူးဖော်ရန်လိုအပ်သည်။	၁၆။ စက်ရေတွင်း တူးဖော် ခြင်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
• ကျေးရွာတွင်အရေး ပေါ်နှင့် ပုံမှန် ကျန်းမာ ရေး စောင့်ရှောက်မှု လိုအပ်သည်။	• ကျေးရွာတွင် ဆေးခန်း နှင့် ကျန်းမာရေးဝန်ထမ်း မရှိ။ • မိခင်များ မီးဖွါးခြင်းနှင့် အရေး ပေါ်ကျန်းမာရေးတွင် အခက်အခဲရှိ။ • ကျေးရွာတွင် မြွေကိုက်မှု မကြာ ခဏဖြစ်ပေါ်သည်။	• အရံသားဖွါးနှင့် ကျန်းမာ ရေး လုပ်သားတက် ရောက်ရန် သင့်တော်သူ နှင့် စိတ်ဝင်စား မှုရှိသည်။	• နည်းပညာနှင့် ဗဟုသုတ မရှိ။ • သားဖွါးသင်တန်းတက် ရောက်ရန် ကုန်ကျမှုငွေ အရင်းအနှီးမရှိ။ • အဆက်အသွယ်မရှိ။	• ကျန်းမာရေးဌာန၊ အခြား ဖွံ့ဖြိုးရေးအဖွဲ့ များနှင့် ဆက်သွယ်၍ အရံသားဖွါး နှင့် ကျန်း မာရေး လုပ်သား သင်တန်းများ တက် ရောက် နိုင်ရန်ချိတ်ဆက် ဆောင်ရွက်ခြင်း။	၁၇။ အရံသားဖွါးနှင့် ကျန်း မာရေး လုပ်သားသင်တန်း
❖ **ပညာရေး**					
• ပညာရေး အခြေခံ အ ဆောင်အဦး လုံလောက် မှုမရှိ။	• ကျောင်းသုံးပရိဘောဂ နှင့် ယင်လုံအိမ်သာလုံလောက်မှု မရှိ။	• အစိုးရစီမံကိန်းနှင့် ဖွံ့ဖြိုးရေး အဖွဲ့အစည်း များ ရှိသည်။	• ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်း များနှင့် ချိတ်ဆက်မှု အားနည်းသည်။	• အစိုးရနှင့် ပြင်ပ အဖွဲ့ အ စည်းများထံ အကူအညီ တောင်းခံခြင်း။	၁၈။ ကျောင်း ပရိဘောဂ နှင့် ယင်လုံအိမ်သာဆောက်လုပ်ခြင်း။
❖ **ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား**					
• လူငယ်များ ဖွံ့ဖြိုးမှု အားနည်းသည်။	• လေ့လာသင်ယူရန် အခွင့် အလမ်းနည်းပါးသည်။ စာကြည့် တိုက် စာအုပ် လုံလောက် ပြည့်စုံမှုမရှိ။	• စာကြည့်တိုက်ဆောက် လုပ်ပြီးအဆင်သင့်ရှိ။ လူငယ်များစာဖတ်လေ့ရှိ။ • လူငယ်အချို့သာဖုန်း အင်တာနက် လက်လှမ်း မီအသုံး ပြုနိုင်သည်။	• စာအုပ်များ ဂယ်ယူဖြည့် ဆည်းရန် ငွေအရင်းအနှီး မရှိ။ • လူငယ်အများစုမှာ တယ်လီဖုန်း မတတ်နိုင် ကြသေးပါ။	• စာအုပ်များဂယ်ယူဖြည့် ဆည်းခြင်းဖြင့် စာကြည့် တိုက် ပြန်လည်လည် ပတ်ရန်။	၁၉။ စာကြည့်တိုက် စာအုပ်များ ဂယ်ယူဖြည့်ဆီးခြင်း
	• ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ကျွမ်းကျင်မှုနည်းသဖြင့် လူငယ် များ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း	• ဘွဲ့ရ လူငယ်အချို့ရှိပြီး မြို့နှင့် နီးသည်။ • လျပ်စစ်မီးရရှိရန် နီးစပ်နေပြီဖြစ်သည်။	• သင်တန်းတက်ရောက်ရန် အဆက်အသွယ်မရှိ။ ငွေကြေးမတတ်နိုင်ကြပါ။	• လူငယ်ဖွံ့ဖြိုးရေးအဖွဲ့ များ နှင့် ချိတ်ဆက် ဆောင်ရွက် ရန်။	၂၀။ ကွန်ပျူတာသင်တန်း ၂၁။ အင်္ဂလိပ်စာ သင်တန်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
• အလုပ်အကိုင်အခွင့် အလမ်း နည်းပါး ခြင်းနှင့် ဝင်ငွေ နည်းပါး ခြင်း	• လူငယ်များ အသက်မွေးဝမ်း လုပ်ငန်း ကျွမ်းကျင်မှု အားနည်း သည်။	• လူငယ်များ အသက်မွေး ဝမ်းကျောင်းလုပ်ငန်း စိတ်ဝင်စားမှုရှိ။ • ဈေးကွက်နှင့်နီးသည်။	• သင်တန်းများတက် ရောက်ရန် အဆက် အသွယ်မရှိ။ • ငွေကြေးမတတ်နိုင်။	• လူငယ်ဖွံ့ဖြိုးရေးအဖွဲ့ များ နှင့် ချိတ်ဆက် ဆောင်ရွက် ရန်။	၂၂။ ဝပ်လျှော့ စက်ပြင်သင်တန်း ၂၃။ စက်ချုပ်၊ဇာထိုး၊ ပန်းထိုး သင်တန်း ၂၄။ အလှပြင်သင်တန်း ၂၅။ ယာဉ်မောင်းသင်တန်း
• ရိုးရာယဉ်ကျေးမှု လှုပ်ရှားမှု အားနည်း နေ သေးသည်။	• ရိုးရာစာပေနှင့်ယဉ်ကျေးမှု ပစ္စည်း လုံလောက်မှုမရှိ။	• လူငယ်များ တက်ကြွ စွာလှုပ်ရှားမှုရှိ။ • နှစ်စဉ် ရိုးရာ ပြိုင်ပွဲများ ကျင်း ပကြသည်။ • ရိုးရာဂီတ၊ အနုပညာ ကျွမ်း ကျင်သူအချို့ ရှိသည်။	• ရိုးရာယဉ်ကျေးမှု တီးဝိုင်းအတွက် ငွေကြေးမတတ်နိုင် ကြပါ။	• ပအို့စာပေနှင့်ယဉ်ကျေး မှု အဖွဲ့ လူငယ်တီးဝိုင်း ထူထောင်ရန် အကူအညီများ ရရှိရန် ချိတ်ဆက်ဆောင် ရွက်ခြင်း။	၂၆။ ပအို့စာပေနှင့်ယဉ် ကျေးမှုအဖွဲ့ လူငယ်တီးဝိုင်း ထူထောင်ခြင်း
• အားကစား ဖွံ့ဖြိုးမှု အားနည်းသည်။	• အားကစားပစ္စည်း မရှိ။ • လူငယ်များ ဆင်းရဲသော ကြောင့် အားကစားကို အချိန် ပေး မကစားနိုင်ကြပါ။	• လူငယ်များ အားကစား စိတ် ဝင်စားမှုရှိ။ • နှစ်စဉ် ကျေးရွာအုပ်စု အား ကစားပြိုင်ပွဲများကို မြို့နယ် မှ ဦးစီးကျင်းပလေ့ရှိသည်။	• အားကစားပစ္စည်းများအ တွက် ငွေကြေးမတတ်နိုင်။	• အားကစားကိုမြှင့်တင် ခြင်းဖြင့် လူငယ်များ စာရိတ္တနှင့် စိတ်ဓါတ်ကို မြှင့်တင်ပေးခြင်း။ • အားကစားပစ္စည်းများ ရရှိနိုင်ရန် အဖွဲ့အစည်း များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။	၂၇. အားကစားပစ္စည်း

ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ။

၂။ လွိုင်ကော်မြို့နယ်၊ လယ်ထွဲကျေးရွာတွင် ၂၀၁၅ ဇူလိုင်လတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -	
စီမံချက်အမည် -	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ……..(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ –၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ဌား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ